# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# (၁၇) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်**

**(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၆၄ ဦး တက်ရောက်ပါတယ်။ အစည်း အဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၈၅.၄၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂-၈-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးရှိသည့် အနက် တက်ရောက်သည့်ဦးရေ ၃၆၄ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၆၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၆၂ ဦးအနက် ၃၈ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၂၄ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၂) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၃) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၄) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၅) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

(၆) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၁ ရက်၊

(၇) လေရှီးမဲဆန္ဒနယ်မှ ဦးရှိုသီး ခွင့် ၁ ရက်၊

(၈) မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း(ခ)ဦးထွန်းသိန်း ခွင့် ၁ ရက်၊

(၉) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၁ ရက်၊

(၁၀) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၁ ရက်၊

(၁၁) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၁၂) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၁ ရက်၊

(၁၃) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၁ ရက်၊

(၁၄) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်၊

(၁၅) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၁၆) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၁ ရက်၊

(၁၇) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက်၊

(၁၈) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၁၉) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၂၀) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၁ ရက်၊

(၂၁) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၂၂) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၂၃) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၁ ရက်နှင့်

(၂၄) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါ့မယ်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဝန်ထမ်းအင်အားတိုးချဲ့ဖွဲ့စည်းခြင်းနှင့် မြို့နယ်ရုံးခွဲများတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ခင်(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့မေးမြန်းမယ့်မေးခွန်းကတော့ တစ်နိုင်ငံလုံးမှာ စီးနင်းအသုံးပြုနေတဲ့ မော်တော်ဆိုင်ကယ်များနဲ့သက်ဆိုင်တဲ့မေးခွန်းတစ်ရပ်ကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ တိုင်းနှင့် ပြည်နယ်၊ မြို့ရွာအသီးသီးမှာ မော်တော်ဆိုင်ကယ်များကို တွင်တွင်ကျယ်ကျယ်စီးနင်းအသုံပြုလျက်ရှိကြပါတယ်။ ကျေးရွာ အချင်းချင်းနှင့် မြို့နယ်များအထိ အချိန်ကုန်သက်သာစွာ စီးနင်းအသုံးပြုနေတာကိုလည်းတွေ့ရပါ တယ်။ သို့သော်လည်း အချို့သောဆိုင်ကယ်စီးနင်းသူများမှာ ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်း၊ မူးယစ် သောက်စားမောင်းနှင်ခြင်း၊ ဆိုင်ကယ်အိပ်ဇောဖြုတ်စီးခြင်း၊ အရွယ်မရောက်သေးတဲ့ လူမမယ်များ စီးနင်းနေခြင်းများကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းနေတာကိုတွေ့ရပါ တယ်။ ထို့ကြောင့်လည်း ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများနေ့စဉ်နဲ့အမျှ ကြုံတွေ့နေရပါတယ်။ အထူးသဖြင့် မြို့နယ်များမှာအဖြစ်များပြီးတော့ ကိုယ်လက်အင်္ဂါထိခိုက်ပြီး အသက်သေဆုံးသည် အထိ တွေ့မြင်ကြရပါတယ်။ သတ်မှတ်ယာဉ်ကြောများမှမမောင်းနှင်တဲ့အတွက်လည်း မော်တော်ကား မောင်းနှင်တဲ့ မော်တော်ယာဉ်မောင်းများအနေနဲ့ စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိဌာနများမှအသိပညာပေးအစီအစဉ်များကို ပြုလုပ်ဆောင်ရွက်နေသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် မော်တော်ဆိုင်ကယ်စီးနင်းအသုံးပြုသူတွေဟာ များပြားလွန်းတဲ့အတွက် စည်းကမ်းလိုက်နာမှုအားနည်းနေသေးတာတွေ့ရှိရပါတယ်။ သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းအင်အား များတိုးချဲ့ပြီးတော့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ယာဉ်မောင်းလိုင်စင်များစိစစ်ထုတ်ပေး ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးအစီအစဉ်များကို ပြည်သူလူထုနဲ့ပူးပေါင်းပြီး တော့ ဆင့်ပွားသင်တန်းများပြုလုပ်ပေးမယ်ဆိုလို့ရှိရင် များစွာအကျိုးသက်ရောက်မှုရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ယနေ့အချိန်မှာ မော်တော်ဆိုင်ကယ်များ၊ မော်တော်ကားများ အလွန်များပြားလာတဲ့အတွက် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုတွေ လျော့နည်းကျဆင်းသွားစေရန်ရည်ရွယ်ပြီးတော့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်ရဲ့မေးခွန်းကတော့ မော်တော်ဆိုင်ကယ်စီးနင်းအသုံးပြုသူများ အား ယာဉ်မောင်းလိုင်စင်များထုတ်ပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး

အစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ဝန်ထမ်းအင်အားတိုးချဲ့ဖွဲ့စည်းခြင်းနှင့် မြို့နယ်ရုံးခွဲများတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါကမည်ကဲ့သို့စီစဉ်ဆောင်ရွက်မည်ကိုသိရှိလိုပါသဖြင့် ပြန်လည် ဖြေကြားပေးနိုင်ပါရန် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါ တယ်။

**ဆိုင်ကယ်စီးစဉ် ဆိုင်ကယ်စီးဦးထုပ်မဆောင်းထား၍ ဒဏ်ကြေးအဖြစ်ပေးဆောင်ရသောငွေဖြင့် ဆိုင်ကယ်ဆောင်းဦးထုပ်ကို ချက်ချင်းရောင်းချပေး၍ လက်တွေ့ဆောင်းသွားစေရန် ညွှန်ကြားချက်များ ထုတ်၍ဆောင်ရွက်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်က ဦးဝင်းမြင့် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ယခုအခါမှာ ဆိုင်ကယ်များအသုံး ပြုသွားလာမှုများပြားလာပြီးတော့ အဲ့ဒီဆိုင်ကယ်များဟာ ဥပဒေအရရော၊ ဥပဒေမဲ့ရော အခြားနိုင်ငံ များက အလုံးအရင်းနဲ့ဝင်ရောက်နေပါတယ်။ အဲ့ဒီလို အသုံးပြုရာမှာလည်း ကျွမ်းကျင်မှုမရှိခြင်း၊ စည်းကမ်းလိုက်နာမှုမရှိခြင်းတို့ကြောင့် မကြာခဏထိခိုက်ဒဏ်ရာရရှိမှု၊ အသက်ဆုံးရှုံးမှုများကိုလည်း နေ့စဉ်ကြားနေရပါတယ်။ ယင်းကိစ္စကို အုပ်ချုပ်သူအာဏာပိုင်များကလည်း ဆိုင်ကယ်မတော်တဆ ဖြစ်ရင် အသက်အန္တရာယ်ကာကွယ်နိုင်အောင်လို့ ဆိုင်ကယ်စီးဦးထုပ်ကိုဆောင်းဖို့အတွက် ပညာ ပေးခြင်းများပြုလုပ်ပြီးတော့ ယခုအခါမှာ အချို့မြို့များမှာ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘူးဆိုရင် ဖမ်းဆီးပြီး ဒဏ်ငွေပေးဆောင်နေရတာကိုလည်းတွေ့ရှိရပါတယ်။ ဆိုင်ကယ်စီးဦးထုပ်ဆောင်းပြီး ဖမ်းဆီးပြီးတော့ ဒဏ်ငွေပေးဆောင်ရခြင်းရဲ့အဓိကရည်ရွယ်ချက်က ဆိုင်ကယ်စီးသူရဲ့အသက် အန္တရာယ်ကို ကာကွယ်လိုခြင်းသာဖြစ်ပါသဖြင့် ပေးဆောင်ရသောဒဏ်ငွေကို ယင်းပုဂ္ဂိုလ်အတွက် ဆိုင်ကယ်စီးဦးထုပ်ဝယ်ပေးခြင်းက ရည်ရွယ်ချက်ပိုမိုအောင်မြင်မယ်လို့ယူဆမိပါသဖြင့် အောက်ပါ မေးခွန်းကိုမေးမြန်းလိုပါတယ်ခင်ဗျား။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိမြို့များမှာ ဆိုင်ကယ်စီးသွားစဉ် ဆိုင်ကယ်စီးဦးထုပ်ဆောင်မထားသောကြောင့် ဖမ်းဆီးခံရသူအား ဒဏ်အဖြစ်ပေးဆောင်ရသောငွေဖြင့် ဆိုင်ကယ်စီးဦးထုပ်ကို ချက်ချင်းရောင်းချ၍ လက်တွေ့ဆောင်သွားစေရန် ညွှန်ကြားချက်များထုတ်၍ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ မေးခွန်း ၂ ခုအား တစ်ပေါင်းတည်း ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင်မှ မော်တော်ဆိုင်ကယ်စီးနင်းသူများအား ယာဉ်မောင်းလိုင်စင်များထုတ်ပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ဝန်ထမ်းအင်အားတိုးချဲ့ဖွဲ့စည်းခြင်းနှင့် မြို့နယ်ရုံးခွဲများတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဖော်ပြမေးမြန်းလာတဲ့ကိစ္စအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ရည်မှန်းချက်ဟာ Road Safety ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးဖြစ်သောကြောင့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်အသုံးပြုသူများ၊ လမ်းအသုံးပြုသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရန်အတွက် ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေ၊ ၁၉၈၉ မော်တော်ယာဉ်နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်၍ဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအားလိုက်နာစေရန်အတွက် က.ည.နရုံးများမှာ ရက်တိုသင်တန်းများဖွင့်လှစ်ခြင်း၊ နယ်လှည့်လုပ်ငန်းဆောင်ရွက်၍ ရက်တိုသင်တန်းများဖွင့်လှစ်ပညာပေးခြင်း၊ လက်စွဲစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိဖွဲ့စည်းပုံအရ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ၁၄ ရုံးအပါအဝင် ခရိုင်အဆင့်ရုံးအထိ ရုံးပေါင်း ၅၅ ရုံးဖွင့်လှစ်ပြီးဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာရုံးအလိုက် ကျောင်းသားကျောင်းသူလူငယ်များ ဗဟုသုတနှင့် ပညာရရှိစေရန်အတွက်

အထက်တန်းကျောင်းများ၊ မော်တော်ယာဉ်လိုင်းများ၊ အများပြည်သူများနဲ့ဆိုင်တဲ့နေရာများ၊ တက္ကသိုလ်နှင့် ကောလိပ်များ၊ ဌာနဆိုင်ရာများ၊ တပ်ရင်း/တပ်ဖွဲ့များစသည်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်နိုင်ရန် ဟောပြောဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ မှ ဇွန်လအထိ ပညာပေးဟောပြောခြင်း ၅၆၉ ကြိမ်၊ ရက်တိုသင်တန်း ၉၀၁ ကြိမ် ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အထက်ဖော်ပြပါ ရက်တိုသင်တန်းများတက်ရောက်စေပြီး အရောင်ကန်း စစ်ဆေးခြင်း၊ စာတွေ့လက်တွေ့ဖြေဆိုအောင်မြင်မှသာ မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့်လိုင်စင်များ ထုတ်ပေးခြင်းဆောင်ရွက်လျက်ရှိပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဟာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပြီး ၎င်းဥပဒေလိုက်နာရန်ပျက်ကွက်မှုအပေါ်အရေးယူ ဆောင်ရွက်ခြင်းအား ဒေသအုပ်ချုပ်ရေးအဖွဲ့ရဲ့ဦးဆောင်မှုနဲ့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်းအဖွဲ့မှ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ မန္တလေးတိုင်းဒေသကြီးသွားရောက်တဲ့ခရီးစဉ်မှာလည်း ဒေသပြည်သူများက ဆိုင်ကယ်လိုင်စင်သက်တမ်းကိစ္စနှင့် မြို့နယ်များအလိုက် သက်တမ်းတိုးပေးရန်ကိစ္စတင်ပြခဲ့မှုအပေါ်မှာ လက်ရှိဖွင့်လှစ်ပြီးဖြစ်တဲ့ ရုံးချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ၅၅ ရုံးတို့မှ ရုံးမရှိသောမြို့နယ်များသို့ လှည့်လှည်ဆောင်ရွက်မည့်အစီအမံများကို သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့နဲ့ညှိနှိုင်း၍ တစ်နှစ်စာဇယားရေးဆွဲကာ သတင်းစာများမှာ ထည့်သွင်းကြေညာခြင်း၊ တစ်လချင်းအလိုက်ကိုလည်း အချိန်နီးကပ်လာပါက သတင်းစာများမှာ ထပ်မံအသိပေးဖော်ပြခြင်း၊ လက်ကမ်းစာစောင်များပေးပို့ခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ မကြာမီအချိန်အတွင်းမှာ ရုံးတွေမှာ ကွန်ပျူတာများထပ်မံတပ်ဆင်ခြင်း၊ Network ချိတ်ဆက်ခြင်းရှိလာစေရန်ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ထမ်းအင်အားတိုးချဲ့ခြင်းနှင့် မြို့နယ်ရုံးခွဲများတိုးချဲ့ဖွဲ့စည်းခြင်းအစား လုပ်ငန်းအများစုကို Online မှ ယခုထက်ပိုမိုမြန်ဆန်အောင်ဆောင်ရွက်သွားခြင်း၊ Computerized Centralization ဆောင်ရွက်ခြင်းများပြုလုပ်သွားမှာဖြစ်တဲ့အတွက်ကြောင့် လက်ရှိဝန်ထမ်းအင်အားနဲ့ပဲ မြန်ဆန်ထိရောက်စွာဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်းနှင့် ကျွန်တော်တို့ဝန်ထမ်းတွေရဲ့ Capacity Building မြှင့်တင်ပြီးတော့ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၏ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိမြို့များမှာ ဆိုင်ကယ်စီးသွားစဉ် ဆိုင်ကယ်စီးဦးထုပ်ဆောင်းမ

ထားခြင်းကြောင့် ဖမ်းဆီးခံရသူများ ဒဏ်ငွေအဖြစ်ပေးဆောင်ရသောငွေဖြင့် ဆိုက်ကယ်ဆောင်းဦးထုပ်ကို ချက်ချင်းရောင်းချပေး၍ လက်တွေ့ဆောင်းသွားစေရန် ညွှန်ကြားချက်များထုတ်၍ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိဖော်ပြတဲ့ မေးခွန်းကိုဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ရည်မှန်းချက်ဖြစ်တဲ့ Road Safety ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးဖြစ်သောကြောင့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်အသုံးပြုသူများ၊ လမ်းအသုံးပြုသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရန်အတွက် မော်တော်ယာဉ်ဥပဒေနှင့် မော်တော်ယာဉ်နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များထုတ်ပြန်ပြီးဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပြည်သူလူထုအလွှာအသီးသီး၊ အဖွဲ့အသီးသီးမှသိရှိလိုက်နာနိုင်စေရန် ပညာပေးဟောပြောခြင်းကိုလည်းကောင်း၊ မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ စစ်ဆေးခြင်းများကိုလည်းကောင်း၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိနားလည်ပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် မိမိတို့ဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်အဆင့်ရုံးများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိပါတယ်။ အဆိုပါ သင်တန်းကိုတက်ရောက်လာသူများအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးစာသားနှင့် ရုပ်ပုံများကို ရုံးဝင်းအတွင်းမှာလည်းကောင်း၊ သင်တန်းခန်းမအတွင်းမှာလည်းကောင်း ချိတ်ဆွဲထားပြီတော့ မော်တော်ဆိုင်ကယ်စီးဦးထုပ်နှင့်ပတ်သက်ပြီးတော့လည်း သီးခြားသင်ခန်းစာများပြုစုပို့ချခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် Vinyl နဲ့ ပြုလုပ်ထားတဲ့စာသားနှင့် ရုပ်ပုံများချိတ်ဆွဲထားရှိခြင်း၊ ပညာပေးသင်တန်းများမှာ အဆင့်မြင့်အောင်သူများကို သင်တန်းသားအရေအတွက်အလိုက် ဆိုင်ကယ်စီးဦးထုပ် ဂုဏ်ပြုချီးမြှင့်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စစ်ဆေးအရေးယူခြင်းအနေဖြင့် ပြဋ္ဌာန်းချက်များကိုလိုက်နာရန် ပျက်ကွက်သူများကိုအရေးယူရန်အလို့ငှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းအဖွဲ့မှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့အစီအစဉ်နဲ့ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ မော်တော်ဆိုင်ကယ်စီးနင်းသူများအားဖမ်းဆီးပြီး ဒဏ်ငွေပေးဆောင်စေရေးဆောင်ရွက်လျက်ရှိပါတယ်။ သင်တန်းကာလအတွင်း ဆိုင်ကယ်စီးဦးထုပ်များ ထူးချွန်ဆုအဖြစ်ပေးခြင်းပြုနိုင်ခဲ့သော်လည်း လက်ရှိဒေသအလိုက် အရေးယူဆောင်ရွက်ရသောဒဏ်ကြေးများသည် တရားရုံးမှအမိန့်ချမှတ်ဆောင်ရွက်ခြင်းဖြစ်၍ ပြန်လည်ငွေထုတ်ယူကာ ဆိုင်ကယ်စီးဦးထုပ်ဝယ်ယူပေးနိုင်တဲ့

အခြေအနေမရှိဘဲ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီများမှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များတွင်သုံးစွဲလျက်ရှိကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် လာရောက်လေ့လာသူများခင်ဗျား။ ကြားဖြတ်အနေနဲ့ ရှင်းလင်းတင်ပြစရာရှိပါတယ်။ ဒီနေ့လွှတ်တော်မှာ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ယခင်ကခွင့်ပန်ကြားသူ ၃၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၄ ဦးဖြစ်တဲ့ အတွက် လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၆၂ ဦးဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ လွှတ်တော် အစည်းအဝေးတက်ရောက်တဲ့အင်အားအရ အောင်မြင်ကြောင်းကြေညာခဲ့တာရှိပါတယ်။ ဒီနောက်ပိုင်း မှာ လာရောက်လေ့လာသူများအနေနဲ့ လွှတ်တော်အတွင်းမှာရှိကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အသီးသီးအသီးသီး၊ အလျှိုလျှိုထွက်သွားတာကိုကြည့်ပြီးတော့ စိတ်ထဲတစ်မျိုးမထင်အောင် ကျွန်တော် ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်မှာ အခုလိုခန်းမကြီးထဲမှာ အစည်းအဝေး လုပ်နေစဉ်ကာလမှာပဲ သက်ဆိုင်ရာကော်မတီအလိုက် သီးခြားလုပ်ငန်းတာဝန်တွေထမ်းဆောင်နေကြ ရတာဖြစ်ပါတယ်။ အဲ့လိုထမ်းဆောင်တဲ့အချိန်မှာ သက်ဆိုင်ရာသီးခြားကော်မတီများအနေနဲ့ အစည်းအဝေးလုပ်ခြင်း၊ အခြားဥပဒေဆိုင်ရာကိစ္စဆောင်ရွက်ခြင်းများပြုလုပ်တဲ့အခါမှာ လွှတ်တော် အတွင်းမှာရောက်ရှိနေတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနက် ကြိုတင်ခွင့်ပြုချက်တောင်းပြီး သက်ဆိုင်ရာကော်မတီအသီးသီးသို့သွားရောက်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီအခြေအနေများကို တက်ရောက်လေ့လာကြတဲ့ ပုဂ္ဂိုလ်များအနေနဲ့ စိတ်ထဲမှာတစ်မျိုးထင်ပြီး လွှတ်တော်ကြီးကျင်းပ နေချိန်မှာ ဟိုထွက် ဒီထွက်၊ ဟိုသွား ဒီသွားမျိုးဆိုတဲ့အမြင်ရှိမယ်ဆိုလို့ရင် ဒီဟာသည် ကျွန်တော်တို့ရဲ့ လွှတ်တော်တို့ရဲ့ တာဝန်ထမ်းဆောင်တဲ့နေရာမှာ အခုလိုရှိတယ်ဆိုတာ အသိပေးပြောကြားလိုတဲ့ အတွက် အခုလို ကြားဖြတ်ပြီးပြောကြားရခြင်းဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ လွှတ်တော်ခန်းမထဲမှာ အစည်းအဝေးလုပ်တဲ့အခါမှာ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ဦးစွာ ပထမအကြိမ်မှာ ကျွန်တော်တို့ သတ်မှတ်ပေးထားတဲ့ ဝတ်ရုံဝတ်ဆင်ရမှာဖြစ်ပါတယ်။ ဒီနေ့တော့ ကျွန်တော် ဒီဝတ်စုံကိုမဝတ်ခဲ့ပါဘူး။ မဝတ်ခဲ့တဲ့အတွက် မိမိရဲ့ကျန်းမာရေးအခြေအနေရဲ့လိုအပ်ချက်ကြောင့်ဖြစ်ပါတယ်။ ဒါကိုလည်း လာရောက်လေ့လာတဲ့ ပုဂ္ဂိုလ်များအနေနဲ့ အရင်ကြားထားတဲ့သတင်း တီဗွီထဲမှာတွေ့ထားတဲ့အခါမှာ

လွှတ်တော်အစည်းအဝေးတက်လာလို့ရှိရင် ဝတ်ရုံကြီးဝတ်ပြီးတော့ ဒီနေ့ ဘာကြောင့်မဝတ်လဲဆိုတဲ့ အနေအထားမျိုး၊ တစ်မျိုးထင် တစ်မျိုးစဉ်းစားမိမှာဖြစ်တဲ့အတွက်တင်ပြရခြင်းဖြစ်ပါတယ်။

**အဓိကရထားလမ်းပိုင်းများတွင် ခရီးသည်နှင့်ကုန်စည် ပို့ဆောင်နိုင်ရန်အတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍ၌ အဓိကလမ်းပိုင်းများတွင် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နယ်မြေဒေသစုံ ကဏ္ဍစုံပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ မြန်မာ့မီးရထားရဲ့ကဏ္ဍ ပြုပြင်ပြောင်းလဲရန် အစီအစဉ် ရှိ/မရှိတင်ပြဆွေးနွေးလိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံလူတန်းစားအများစုဟာ မြန်မာ့မီးရထားကို အားကိုးအားထားပြုပြီးတော့ ခရီးသွားကြရတာများပါတယ်။ မြန်မာ့မီးရထားဟာ လောလောဆယ်တွင် အဓိက ရထားလမ်းပိုင်းများဖြစ်သော ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပုဂံ၊ ရန်ကုန်-ပြည်၊ မန္တလေး-မြစ်ကြီးနား၊ မန္တလေး-လားရှိုး၊ မန္တလေး-သာစည်၊ မုံရွာ-ပခုက္ကူလမ်းပိုင်းများအစရှိတဲ့ ခရီးသည်နှင့် ကုန်စည်ရထားများနေ့စဉ် ပြေးဆွဲနေပါတယ်။ ဒါ့အပြင် တိုးချဲ့ဖောက်လုပ်ထားတဲ့ ရထားလမ်းပိုင်းများတွင်လည်း ပြေးဆွဲနေကြောင်းသိရှိရပါတယ်။ နိုင်ငံတော်အနေနဲ့ စီးပွားရေးမြို့တော်ရန်ကုန်နဲ့ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့သို့ ဆက်သွယ်ထားသော အရှည် ၆၄၀ ကီလိုမီတာ ရထားလမ်းအဆင့် မြှင့်တင်ရေးနှင့် ဒီဇယ်စက်ခေါင်းစက်ရုံ၊ တွဲဆိုင်းစက်ရုံများ အားဖြည့်တည်ဆောက်ရေးအတွက် အစီအမံများ ထားရှိကြောင်းလည်း သိရှိရပါတယ်။ မြန်မာ့မီးရထားဖြင့် ခရီးသွားလာရပါက ပြည်သူလူထုအနေနဲ့ အန္တရာယ်လုံခြုံစိတ်ချ၍ ပြည်သူလူထု အားကိုးအားထားပြုပြီး ခရီးသွားများပြားခြင်းကြောင့် တစ်ချိန်က ရှိခဲ့ပါတယ်။ သို့ရာတွင် ယခုအခါမှာ မြန်မာ့ခရီးသွားများအနေဖြင့် မြန်မာ့မီးရထားကို အားကိုးအားထားမပြုတော့ကြောင်း လေ့လာသိရှိ တွေ့မြင်နေရပါတယ်။ အကြောင်းကတော့ သက်တောင့်သက်သာရှိတဲ့ Express

မော်တော်ယာဉ်များ လိုင်းပေါင်းစုံမော်တော်ယာဉ်များ ပေါ်ပေါက်လာတဲ့အတွက် ပြည်သူတွေအနေနဲ့ ခရီးသွားသက်တောင့်သက်သာရှိခြင်း၊ အချိန်မှန်ခြင်း၊ လိုတဲ့ခရီးကို အချိန်မီရောက်ခြင်းစတဲ့ အားသာချက်များကြောင့် မော်တော်ယာဉ်ဖြင့် ခရီးသွားခြင်းကို ပြည်သူလူထုပို၍ အားကိုးအားထား ပြုလာကြောင်း တွေ့ရှိနေရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနှံ့ကွန်ရက်သဖွယ် ဆောက်လုပ်ဖောက်လုပ်ထားတဲ့ လမ်းပိုင်းပေါင်းမြောက်မြားစွာ ရှိပေမယ့် လမ်းပိုင်းနဲ့နှိုင်းဆပါက မီးရထားတွဲဆိုင်းများ အလွန်နည်းနေကြောင်း တွေ့ရှိရပါတယ်။ မီးရထားခရီးစဉ် နည်း၍ ခရီးစဉ်ပြေးဆွဲမှု ရထားစီးရေ လျော့နည်းရခြင်းဖြစ်ကြောင်း ပြောဆိုနိုင်ပေမယ့် ဘာကြောင့် မီးရထားခရီးစဉ် နည်းရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ သုံးသပ်အဖြေရှာဖို့ လိုမယ်ဖြစ်ပါတယ်။ အလားတူ တစ်ချိန်က ကုန်စည်ပို့ဆောင်မှုတွေ ကျွန်တော်တို့လို ရန်ကုန်-မန္တလေး မြန်မာ့မီးရထားလမ်းပေါ်က မြို့များမှ ဒေသထွက်ကုန်မျိုးစုံကို အလုအယက် ဘူတာမှာ တန်းစီ စောင့်ဆိုင်းတင်ပို့ခဲ့ရပေမယ့် ယခုအခါမှာ ကုန်စည်ပို့ဆောင်နိုင်မှု လုံးဝပျောက်ကွယ်လုမတတ် ဖြစ်နေတာကို တစ်ချိန်က မြန်မာ့မီးရထားရဲ့လူထုအားကို အားထားပြုခြင်းခံရအောင် အောင်လံ ထူနိုင်မှုသည် ယခုဘာကြောင့် အောင်လံမထူနိုင်လဲဆိုတာကို ခြုံငုံသုံးသပ်ပြီးပေါက်ပင်ဘာကြောင့် ကိုင်းရတယ်ဆိုတာကို အဖြေရှာဖို့လိုပြီလို့ ကျွန်တော် ယူဆပါတယ်။ သို့ပါ၍ မြန်မာ့မီးရထားလမ်းပိုင်း များတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးအတွက် မည်သို့သော အစီအမံများဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများခင်ဗျား။ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီမှ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မြန်မာ့မီးရထားသယ်ယူပို့ဆောင်ရေးအတွက် အဓိကရထားလမ်းပိုင်းများမှာ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်နိုင်ရန်အတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလာတဲ့ကိစ္စအား ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံတကာမှာ

ပို့ဆောင်ရေးယာဉ်မျိုးအစားအလိုက် လုပ်ငန်းဆောင်ရွက်ပေးနိုင်မှုအခြေအနေကို လေ့လာကြည့်လျှင် ခရီးသည်ပို့ဆောင်မှု၌ သာမန်ရထားစနစ်ဟာ မော်တော်ယာဉ်နဲ့ လေယာဉ်ကို ယှဉ်ပြိုင်နိုင်ခြင်းမရှိဘဲ တစ်နှစ်ထက်တစ်နှစ် ခရီးသည်ရရှိမှု ကျဆင်းလာကြောင်း တွေ့နေရပါတယ်။ သို့သော်လည်း အမြန်ရထားများ အထူးသဖြင့် တစ်နာရီကီလိုမီတာ ၂၅၀ အထက် ပြေးဆွဲသော အမြန်ရထားများ ကိုတော့ လူကြိုက်များပြီးတော့ ခရီးသည်များစီးတာကို လေ့လာတွေ့ရှိရပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ခရီးသည်နဲ့ ကုန်စည်သယ်ယူပို့ဆောင်ရရှိမှု အခြေအနေကို ကြည့်လျှင် စက်ရုံကြီးများနည်းပါးခြင်း(အကျိုးဆက်အဖြစ် ကုန်ကြမ်း/ကုန်ချောပို့ရန် နည်းပါးခြင်း)၊ ဒေသအလိုက် စားသုံးရိက္ခာဖူလုံရေးအတွက် ဆောင်ရွက်နိုင်ခြင်းကြောင့် သယ်ပို့ရမှုနည်းပါးခြင်း(ဥပမာ-ဆန်ဖူလုံရေး ဆောင်ရွက်နိုင်သဖြင့် ဆန်ပို့ဆောင်ရမှုနည်းသွားခြင်း)၊ စီးပွားရေးဖွံ့ဖြိုးမှုနည်းပါးသေးသဖြင့် သယ်ယူပေးရမည့် စားဝတ်နေရေးဆိုင်ရာကုန်စည်အမျိုးအမည်နှင့် ပမာဏနည်းပါးသေးခြင်း၊ ပြည်ပ ပို့ကုန်/သွင်းကုန် နည်းပါးသေးခြင်း၊ ရထားလမ်းမရှိသော တမူး၊ မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်းစတဲ့ နယ်စပ်ကုန်သွယ်ရေးမြို့များ၌သာ ပို့ကုန်/သွင်းကုန် အများ အပြားရှိနေခြင်းတို့ ကြောင့် ရထားအနေဖြင့် လက်ရှိမှာ မန္တလေး-မြစ်ကြီးနားလမ်းနဲ့ ရန်ကုန်-မန္တလေးလမ်းတို့မှ အပ ကျန်လမ်းပိုင်းမှာ ကုန်စည်အများအပြား သယ်ဆောင်ရန်မရှိကြောင်း တွေ့ရပါတယ်။ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းမှာတောင်မှ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘိုတို့ကနေပြီးတော့ မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်းသို့ ဆန်ပို့ကုန်ရှိသော်လည်း မြစ်ကြီးနားဘက်မှ မန္တလေးသို့ အစုံအမြန်ကုန်ရထားများမှာ ပို့ကုန်လုံလောက်စွာ မရကြောင်းတွေ့ရပါတယ်။ ခရီးသည်ပို့ဆောင်ရေးအခြေအနေကို ကြည့်လျှင် လည်း ရန်ကုန်-မန္တလေးအမြန်ကားလမ်း ပေါ်ပေါက်လာပြီးနောက် ခရီးသွားချိန်တိုတောင်းသွားသဖြင့် အဲဒီလမ်းကို လူသုံးများလာခြင်း တစ်နိုင်ငံလုံးမှာ ကုမ္ပဏီများက တာဝန်ယူပြုပြင်ထားတဲ့ Two Road စနစ်များပေါ်ပေါက်လာတဲ့အတွက်ကြောင့် ကားလမ်းများ ပိုမိုကောင်းမွန်လာခြင်း၊ ကျေးရွာများမှ မြို့သို့ ဆက်သွယ်သော မော်တော်ကားသာမက ထော်လာဂျီများ၊ လေးလုံးထိုး/ နှစ်လုံးထိုးအင်ဂျင် တပ်ဆင်ထားတဲ့ ထရပ်ကားများပါ ပေါ်ပေါက်လာခြင်း၊ မော်တော်ဆိုင်ကယ်များ အဆမတန် တိုးပွား လာပြီး မြို့ရော၊ ကျေးရွာများတွင်ပါ ကျယ်ပြန့်စွာစီးနင်းသုံးစွဲလာခြင်း၊ ထော်လာဂျီတက္ကစီများ ပေါ်ပေါက်လာခြင်း၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်မှုအနေနဲ့ မိမိအိမ်ကနေ ပို့လိုတဲ့ ဈေး၊ ပွဲရုံများသို့ တိုက်ရိုက်ရောက်အောင် ပို့နိုင်ခြင်း၊ ကျေးရွာအများအပြားမှာ နေ့စဉ်ဈေးကားများ၊ ကုန်ရောင်း ကုန်ဝယ်ကားများထားရှိသုံးစွဲလာခြင်း၊ မြို့မှ ပွဲစားများကျေးရွာအထိဆင်း၍ သီးနှံများကို ဝယ်ယူလာ

ခြင်း၊ ကျေးရွာများ၌ပင် ပဲခွဲစက်၊ ဆန်ဟာလာစက်များရှိလာသဖြင့် မြို့သို့ပို့ပြီး ကြိတ်ခွဲရန်လိုအပ်မှု နည်းလာခြင်း စသည်တို့ကြောင့် ရန်ကုန်မြို့ပတ်ရထားစီးခရီးသည်မှအပ ကျန်ရထားခရီးစဉ်အသီးသီး မှာ ရထားစီးခရီးသည်နဲ့ ကုန်စည် ပို့ဆောင်မှုကျဆင်းလျက်ရှိရာ နောင်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက် ချိန်နဲ့ ခေတ်မီအမြန်ရထားများ ပြေးဆွဲနိုင်ချိန်ကျမှသာ ခရီးသည်နှင့် ကုန်စည်များ ပြန်လည်တိုးတက် လာမည်လို့ မျှော်မှန်းရပါကြောင်း တင်ပြအပ်ပါတယ်။ မြန်မာ့မီးရထားအနေနဲ့ ရထားလမ်းအားလုံးကို လက်ရှိအခြေအနေထက် တိုးတက်စေရေးဆောင်ရွက်လျက်ရှိရာမှာ ခရီးသည်နဲ့ ကုန်စည်အများဆုံး ရရှိနေတဲ့ လမ်းပိုင်းများ ရရှိနိုင်ရန် အလားအလာရှိတဲ့ရထားလမ်းပိုင်းများကို အဓိကဦးစားပေးလမ်း အဖြစ် သတ်မှတ်ပြီးတော့ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ရထားလမ်းများ အဆင့်မြှင့် တင်ရန်အလို့ငှာ ပထမဦးစားပေးအဖြစ် ရန်ကုန်-မန္တလေးလမ်းကို အဆင့်မြှင့်ရန်အတွက် ဂျပန်နိုင်ငံရဲ့ အကူအညီနဲ့ ဖြစ်မြောက်နိုင်ခြေနှင့် ကုန်ကျစရိတ်ကို လေ့လာခဲ့ရာ ရန်ကုန်-မန္တလေး ခရီးမိုင် ၃၈၆ မိုင် အဆင့်မြှင့်တင်ရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၁၄၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း တွေ့ရပါ တယ်။ ထိုသို့ အဆင့်မြှင့်တင်ရာမှာ လက်ရှိတစ်မီတာအကျယ် ရထားလမ်းအတိုင်းသာထားရှိပြီး ရထားလမ်းများကို ပြုပြင်ခြင်း၊ ရထားကွပ်ကဲထိန်းချုပ်မှုစနစ်၊ လမ်းတစ်လျှောက် တံတားများနှင့် ဆက်သွယ်ရေး/အချက်ပြများအား အဆင့်မြှင့်တင်ပြုလုပ်မယ်ဆိုရင်  တစ်မိုင်မှာ ပျမ်းမျှ အမေရိကန် ဒေါ်လာ ၃.၆ သန်းခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ ရထားတွဲများကိုပါ အဆင့်မြှင့်မယ်ဆိုရင်တော့ ရထားအမြန်နှုန်း တစ်နာရီမိုင် ၇၅ မိုင်ခန့်အထိ ပြေးဆွဲနိုင်မှာ ဖြစ်ပါတယ်။ အကယ်၍ ရထားကို တစ်နာရီမိုင် ၂၀၀ ခန့်အထိ ခုတ်မောင်းစေလိုလျှင်တော့ ယခု ရထားလမ်းထက်ကျယ်တဲ့ Standard Gauge (သံလမ်းအကျယ် ၄ ပေ၊ ၈.၅ လက်မ)ကို အသစ်ဖောက်လုပ်ရမှာ ဖြစ်ပါတယ်။ ကုန်ကျစရိတ်အနေနဲ့တော့ အနည်းဆုံး တစ်မိုင်မှာ အမေရိကန်ဒေါ်လာ ၁၀ မှ ၁၅ သန်းဖြင့် ရန်ကုန်-မန္တလေးလမ်းတစ်လျှောက်လုံးအတွက် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၃၈၆၀ သန်းမှ ၅၈၀၀ သန်းအထိ ကုန်ကျမည်ဖြစ်ရာ ယင်းရထားလမ်း ဖောက်သင့်/မဖောက်သင့်ကို ယင်းလမ်းဖောက်လုပ် ခြင်းအားဖြင့် ရရှိလာမည့် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစတဲ့ ကဏ္ဍစုံတွင် ဖြစ်ပေါ်လာမည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ မိမိတို့ ဘဏ္ဍာရေးအခြေအနေအရလည်းကောင်း ချင့်ချိန် သုံးသပ်ရန် လိုအပ်လာမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ယင်းသို့ သုံးသပ်ဖော်ထုတ်ရာမှာ နိုင်ငံရဲ့ နောင်ဖြစ်ပေါ်လာမယ့် ဖွံ့ဖြိုးမှုအလားအလာများကို သာမက ရထားမှအပ ကျန်သော သယ်ယူပို့ဆောင်ရေးကဏ္ဍအသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အရေးပါ

မှုများကိုပါ ထည့်သွင်းစဉ်းစားသုံးသပ်ရမှာ ဖြစ်ပါတယ်။ မိမိနိုင်ငံရဲ့ ကဏ္ဍစုံအခြေအနေအရပ်ရပ်ကို လေ့လာပြီး နောင်ဖြစ်ပေါ်လာမယ့် ခရီးသည်နဲ့ကုန်စည် ပို့ဆောင်ရေးလိုအပ်ချက်များကို အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မယ့် ပင်မစီမံချက်(Comprehensive National Transport Master Plan)ကို ရေးဆွဲဖို့အတွက် ဂျပန်နိုင်ငံရဲ့ အကူအညီနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့မီးရထားအနေနဲ့ အဲဒီလို အရှည်သဖြင့် မျှော်မှန်းဆောင်ရွက်နေတာနည်းတူ လတ်တလောကာလနှင့် လာမည့် ၃ နှစ်ကာလအတွင်းတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုအရည်အသွေး မြှင့်တင်နိုင်ရေးတို့အတွက်လည်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်လျက်ရှိပါတယ်။ ယခင်လမ်းများ မကောင်းမွန်ခြင်းဟာ သစ်သားဇလီဖားများ ဆွေးမြေ့သည်ကို မလဲလှယ်နိုင်ခြင်း၊ လမ်းခင်းကျောက်များ လုံလောက်စွာ မဖြည့်တင်းနိုင်ခြင်းတို့ ပါရှိပါတယ်။ ယခုအခါမှာတော့ သစ်သားဇလီဖားနေရာမှာ ကွန်ကရစ် ဇလီဖားများကို အလုံးအရင်းနဲ့ အစားထိုးလဲလှယ်ခြင်း၊ လမ်းခင်းကျောက်များကို ယခင်ထက်ပိုမိုထုတ်လုပ်၍ လမ်းပိုင်း၌ ထည့်သွင်းစေခြင်းများ ဆောင်ရွက်လျက်ရှိရာ ပထမဦးစားပေးသတ်မှတ်ထားတဲ့ ရန်ကုန်-မန္တလေးလမ်းမှာ ပင်မရထားပြေးလမ်းတစ်ခုလုံးကို ကွန်ကရစ်ဇလီဖားဖြင့် လဲလှယ်တပ်ဆင်ထားပြီး ဖြစ်ပါတယ်။ လမ်းခင်းကျောက်ကိုလည်း ပိုမိုဖြည့်တင်းထားလျက်ရှိရာမှာ ရထားများ ခုန်ခြင်း၊ ဆောင့်ခြင်း၊ လူးခြင်းများ လျော့နည်းအောင် ပြုလုပ်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် ရထားသံလမ်းဆက်များမှာ ရထားဆောင့်ခြင်းဖြစ်ရာ သံလမ်းဆက်နည်းပါးစေရေးအတွက် သံလမ်း(၃)လမ်းဆက်ခြင်း၊ (၆) လမ်းဆက်ခြင်းများကို Flash Butt Welding နည်း၊ Thermic Welding နည်းတို့နဲ့ ဂဟေဆက်လျက်ရှိပါတယ်။ သံလမ်းပြုပြင်တဲ့ လုပ်သားစုဆောင်းရာမှာလည်း လုပ်ကိုင်လိုသူရှားပါးခြင်းဟာ သံလမ်းကောင်းမွန်ရေး ဆောင်ရွက်ရာမှာ အခက်အခဲတစ်ရပ်ဖြစ်ပါတယ်။ ဒီကိစ္စကို အလုပ်စံနှုန်းအလိုက် ပုတ်ပြတ်ငွေ ပေးချေသောစနစ်နဲ့ ကျော်လွှားရန် ဆောင်ရွက်လျက်ရှိရာ အသင့်အတင့် အောင်မြင်မှုရရှိနေပြီ ဖြစ်ပါတယ်။ ရထားလမ်းများ ကောင်းမွန်ရေးနဲ့ မတော်တဆမှုဖြစ်စဉ် လျော့ပါးရေးအတွက် အဆင့်မြင့်နည်းပညာနဲ့ပေါင်းစပ်ပြီးတော့ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းမှာရှိတဲ့ သဃ်န်းကျွန်းဘူတာနဲ့ လေးထောင့်ကန်ဘူတာအကြား အကွာအဝေး ၁၂ မိုင်ခန့်ရရှိ လမ်းပိုင်းကို စမ်းသပ်ကွက်အဖြစ် သတ်မှတ်ပြီးတော့ ဂျပန်နည်းပညာရှင်များရဲ့ အကူအညီနဲ့ ပူးပေါင်းလေ့လာပြုပြင်လျက်ရှိပါတယ်။ ထိုစမ်းသပ်ကွက် အောင်မြင်သွားရင်တော့ ရန်ကုန်-မန္တလေးလမ်းပိုင်းတစ်လျှောက်နဲ့ ကျန်လမ်းပိုင်းများသို့ပါ နည်းပညာနှင့် အတွေ့အကြုံဖြန့်ချိပြီးတော့ ရထားလမ်းအဆင့်မြှင့်တင်ရေး ကျယ်ပြန့်စွာ ဆောင်ရွက်

သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အဝေးပြေးရထားများရဲ့ စက်ခေါင်းများနဲ့ လူစီးတွဲ၊ ကုန်တွဲများကိုလည်းကောင်း၊ ရန်ကုန်မြို့ပတ်ရထားအတွက် လူစီးတွဲများကိုလည်းကောင်း အဆင့်မီဖြစ်လာစေရန် စက်ခေါင်းသစ်၊ တွဲအသစ်များ ဝယ်ယူထားတဲ့အပြင် အရှည်သဖြင့် စက်ခေါင်းများကို ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်နိုင်ရန်နှင့် စီးနင်းမှုညက်ညောသည့် အဆင့်မြင့်လူစီးတွဲများကို လုံလောက်စွာ ထုတ်လုပ်နိုင်ရန်အတွက် တရုတ်ချေးငွေနဲ့ စက်ခေါင်းစက်ရုံနဲ့ လူစီးတွဲ ထုတ်လုပ်တဲ့ စက်ရုံများကိုလည်း စာချုပ်ချုပ်ဆို ဝယ်ယူထားလျက်ရှိပါတယ်။ စက်ရုံထူထောင်ပြီးတော့ စက်ခေါင်းများ၊ တွဲများကို ဆက်လက်ပြီးတော့ ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ အဆင့်မီတဲ့ သံလမ်းဖြစ်စေရေးအတွက် အဆင့်မီတဲ့ တွဲများ၊ အဆင့်မီသော ဝန်ဆောင်မှုများ ဖြစ်စေရေးအတွက် ဆောင်ရွက်ရာမှာ ဝန်ထမ်းများ၏ အသိပညာ၊ အတတ်ပညာ၊ နည်းစနစ်၊ ကျွမ်းကျင်မှုတို့ လိုအပ်ရာ သံလမ်း၊ တွဲ၊ စက်ခေါင်း၊ စက်ပစ္စည်းများကို စနစ်တကျ ပြုပြင်ထိန်းသိမ်းမယ့် ဝန်ထမ်းများရရှိရေးအတွက် စနစ်တကျ လေ့ကျင့်ပေးလျက်ရှိပါတယ်။ အဲ့ဒီလို လေ့ကျင့်ရာမှာ လိုအပ်မယ့်နည်းပညာနဲ့ သင်ထောက်ကူပစ္စည်းရရှိနိုင်ရန်အတွက် ဂျာမန်နိုင်ငံရဲ့ GTZ မှ ထောက်ပံ့မှုအကူအညီ Grant ရရှိရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ထမ်းအသီးသီး မိမိတို့ဆိုင်ရာ လုပ်ငန်းများမှာ ကျွမ်းကျင်ရေး၊ နည်းစနစ်တကျ ဆောင်ရွက်တတ်စေရေးတို့အတွက် မိမိတို့ဝန်ကြီး ဌာနလက်အောက်မှာရှိတဲ့ လေ့ကျင့်ရေးကျောင်းမှာ ဘာသာရပ်စုံလင်စွာ လေ့ကျင့်ပေးလျက်ရှိရာ စက်ခေါင်းမောင်းများအား လာမည့်ကာလမှာ လေ့ကျင့်ရေးစက်ခေါင်းအတု(Simulator)အသုံးပြုပြီးတော့ လေ့ကျင့်ခြင်း၊ အခြားဘာသာရပ်အသီးသီးတွင်လည်း သင်ထောက်ကူပစ္စည်း ပြည့်ပြည့်ဝဝနဲ့ လေ့ကျင့်သွားနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ အထူးအားဖြင့် ရထားဝန်ဆောင်မှု တိုးတက်စေရေးအတွက် လူထု အကျိုး၊ ခရီးသည်အကျိုး၊ ပိုမိုဆောင်ရွက်လိုတဲ့ ဝန်ထမ်းကောင်းများ တိုးပွားလာစေရေးအတွက် ကောင်းသောအမူအကျင့်(Mind Set)များ ဖြစ်ပေါ်ပြောင်းလဲစေရေးလေ့ကျင့်ပေးခြင်း၊ ခရီးသည်နဲ့ ရထားဝန်ထမ်းများ သဟဇာတပိုမိုဖြစ်ပေါ်ပြီး အပြန်အလှန် အကျိုးပြုထိန်းကျောင်းတဲ့ စနစ်တစ်ရပ် ဖြစ်ပေါ်လာစေဖို့အတွက် စမ်းသပ်လေ့ကျင့်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်မှုမှာ ရထားဝန်ထမ်းများကို တာဝန်ကျရာနေရာဒေသမှာရှိတဲ့ဒေသခံများက ဆွေမျိုးများကဲ့သို့ ဆက်ဆံလာစေရေး၊ ဝန်ထမ်းများမှာ အမှားအယွင်းရှိပါက သက်ဆိုင်ရာအုပ်ချုပ်သူများထံ အကြောင်းကြားပေးခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ရန်အတွက် မေတ္တာရပ်ခံတဲ့ နှိုးဆော်စာတွေကို ဘူတာများနဲ့ ရပ်ကျေးအုပ်ချုပ်ရေးရုံးများမှာ ကပ်ပြီးတော့ ကြော်ငြာပေးခြင်း၊ ဘူတာရုံတိုင်းမှာလည်း

ခရီးသည်များရဲ့ မကျေနပ်ချက်များ မှတ်တမ်းတင်တိုင်ကြားနိုင်ရန်အတွက် စာအုပ်များ ထားပေးခြင်းစသည်များကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။

ရထားဆိုက်ရောက်ချိန်/ထွက်ခွာပြ Digital Display Board များကိုလည်း နေပြည်တော်၊ ရန်ကုန်၊ ပျဉ်းမနား၊ ပြည်၊ ဟင်္သာတ၊ ပုသိမ်ဘူတာတွေမှာ တပ်ဆင်ထားခြင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြည်၊ ပုသိမ်၊ မော်လမြိုင်၊ ထားဝယ်၊ ပြင်ဦးလွင်၊ မုံရွာ၊ မိုးကောင်းစတဲ့ ဘူတာကြီးများ အပါအဝင် စုစုပေါင်း ၄၈ ဘူတာမှာ စောင့်ဆိုင်းနေသော ခရီးသည်များ ကြည့်ရှုနိုင်ရန်အတွက် ရုပ်မြင်သံကြားစက်များ တပ်ပေးခြင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး အပါအဝင် စုစုပေါင်း ဘူတာ ၁၁ ဘူတာမှာ အခမဲ့ကြည့်ရှုနိုင်ရန်အတွက် စာပေရေချမ်းစင်များ ထားရှိဖွင့်လှစ်ပေးခြင်း၊ ရထား ဆိုက်ရောက်/ထွက်ခွာမှုကို ခရီးသည်များ ကြိုတင်သိရှိစေရန်အတွက် အသံချဲ့စက်ဖြင့် ကြော်ငြာ ပေးခြင်း၊ ခရီးသည်များက မိမိတို့စီးနင်းရမယ့်တွဲကို ရထားမဆိုက်ရောက်မီကတည်းက ကြိုတင်သိရှိ နိုင်ရေးအတွက် ရထားအလိုက် တွဲဆိုင်းအခြေပြဘုတ်များကို ခရီးသည်များ မြင်သာတဲ့နေရာမှာ ထားရှိပေးခြင်း၊ ခရီးသည်များ လိုက်နာသင့်တာတွေကို ကြေညာဘုတ်များဖြင့် ကြေညာခြင်း၊ အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ လူကူးခုံးကျော်တံတားများကို ပြန်လည်ပြင်ဆင်ပေးခြင်း၊ ခရီးသည်များ သက်တောင့်သက်သာ နားနေနိုင်ရန် ဖိုင်ဘာထိုင်ခုံများ စီစဉ်ပေးခြင်းစတဲ့ ခရီးသည်များ စိတ်ချမ်းမြေ့ စေရေးအတွက်ကိုလည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းကို ပထမဦးစားပေးအဖြစ် သတ်မှတ်ပြီးတော့ ရထားစီးနင်းမှု ညက်ညော သက်သာစေရေး အရှိန်မြှင့်တင်ပြီး ရထားပြေးဆွဲချိန်လျှော့ချနိုင်ရေးတို့ကို ဆောင်ရွက်နေတဲ့နည်းတူ ဒုတိယဦးစားပေးဖြစ်တဲ့ မန္တလေး-မြစ်ကြီးနားလမ်း၊ တတိယဦးစားပေးဖြစ်သည့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းများ ကောင်းမွန်ရေးကိုလည်း တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ် ပါတယ်။ ရန်ကုန်မြို့ပတ်နဲ့ ဆင်ခြေဖုံးရထားများဟာ လက်ရှိနေ့စဉ် လူဦးရေ ကိုးသောင်းမှ တစ်သိန်းနီးပါးအထိ ပို့ဆောင်နေရပြီး တစ်စတစ်စ မော်တော်ယာဉ် ကြပ်တည်းမှု ပိုလာတဲ့အတွက် ဒီအခြေအနေကို လျှော့ပါးသွားစေနိုင်ရန် မြို့ပတ်ရထားရဲ့ ပို့ဆောင်မှုစွမ်းရည်ကို တိုးမြှင့်ပေးလျက် ရှိပါတယ်။ ထို့ကြောင့် မြို့ပတ်ရထားလမ်းများမှာ ကွန်ကရစ်ဇလီဖားအစားထိုးထည့်သွင်းခြင်း၊ လမ်းခင်းကျောက် ထပ်မံဖြည့်သွင်းခြင်း၊ အနီးဝန်းကျင်ရပ်ကွက်များက ရထားလမ်းပေါ်သို့ စွန့်ပစ်လာသော အနံ့ဆိုးရှားတဲ့ အမှိုက်ပုံကြီးများ ဖယ်ရှားနိုင်ရန် ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူးများနဲ့ ပေါင်းစပ်ဆောင်ရွက်ခြင်းများကို ပြုလုပ်လျက်ရှိပါတယ်။

လာမယ့်အောက်တိုဘာလမှာ ဘူတာများ ပြင်ဆင်ဆေးသုတ်ခြင်းများအပြင် ဘူတာဘေးမှာ မော်တော်ယာဉ်ဘတ်စ်ကားလိုင်းများ ရပ်နားနိုင်ရန်အတွက် နေရာပြုလုပ်ပေးခြင်းတို့ကိုလည်း လုပ်ပါမယ်။ အဲဒီလို လုပ်တဲ့အတွက်ကြောင့် ဘတ်စကားများနဲ့ရထား ချိတ်ဆက်ပြီးတော့ စီးနင်းနိုင်ရန် ပြုလုပ်ပေးခြင်းဖြစ်ကြောင်း တင်ပြပါတယ်။ မြန်မာ့မီးရထားအနေနဲ့ ပြည်သူလူထုရဲ့အကျိုးအတွက် အရှုံးပေါ်နေသော်လည်း ပြေးဆွဲနေသော ခရီးစဉ်များရှိတဲ့အတွက်ကြောင့် ပေါ်နေတဲ့အရှုံးများကို ကာမိစေရန်အတွက် ရထားနယ်မြေများကို အသုံးပြုပြီး ဝင်ငွေပိုမိုရရှိရေးအတွက်လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရန်ကုန်၊ မန္တလေးနဲ့ စီးပွားရေးအရ အလားအလာရှိတဲ့ ဘူတာနဲ့ ရထားမြေနေရာတွေမှာ လက်ရှိရထားပြေးသံလမ်းများနဲ့ ရထားလုပ်ငန်းများကို ယခုအတိုင်းရှိစေပြီးတော့ ဘူတာရဲ့ အပေါ်ပိုင်းမှာ ဈေးဆိုင် Shopping Mall များ၊ ကုမ္ပဏီရုံးခန်းများ၊ ဟိုတယ်များ၊ ကားရပ်နားနေရာများထားရှိရန် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များနဲ့ အများထင်သာမြင်သာရှိတဲ့ ယှဉ်ပြိုင်တင်ဒါစနစ်ဖိတ်ခေါ်ပြီး BOT စနစ်နဲ့ ငှားရမ်းခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ခြင်းဖြင့် ရထားအတွက်လည်း ခရီးသည်ပိုမိုရရှိလာမှာ ဖြစ်ပါတယ်။ ရထားသံလမ်းတစ်လျှောက် Fiber Optic Cable လျှပ်စစ်ကြိုးစသည်များ မြှုပ်နှံလိုတဲ့ကုမ္ပဏီများနဲ့ ဘူတာနေရာများမှာ ဆက်သွယ်ရေးအင်တီနာတပ်ဆင်လိုသော ကုမ္ပဏီများအား နှစ်ဖက်သဘောတူသောနှစ်အကန့်အသတ်ဖြင့် လုပ်ပိုင်ခွင့်ပြုပြီးတော့ နှစ်စဉ်အငှားခရယူခြင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မြန်မာ့မီးရထားဘူတာတိုင်း လျှပ်စစ်မီးရရှိရေးအတွက်လည်းကောင်း၊ ဘူတာအချင်းချင်း ဆက်သွယ်နိုင်ရေးနဲ့ ဘူတာမှ ရထားကွပ်ကဲမှုရုံးသို့ ဆက်သွယ်နိုင်ရေးအတွက်လည်း အဆင်ပြေအောင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဘိုနီမေးမြန်းမှုနဲ့ ပတ်သက်၍ မြန်မာ့မီးရထားအနေနဲ့ ဖွဲ့စည်းမှုကျစ်လျစ်ရေး၊ ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်မှု အဆင့်မြှင့်တင်ပြီး ဖွံ့ဖြိုးတိုးတက်လာမယ့် နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေးအခြေအနေကို အထောက်အကူပြုနိုင်ရေး၊ ရထားဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေး၊ ဝန်ထမ်းများရဲ့ နည်းပညာ၊ လုပ်နည်းစနစ်နှင့် စေတနာပိုင်းဆိုင်ရာတိုးတက်ရေးတို့အတွက် စဉ်ဆက်မပြတ် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း လုပ်ငန်းအားလုံး ခြုံငုံ၍ အကျဉ်းချုပ် ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မီးချောင်းတံတား၊ သဲမချောင်းတံတားနှင့် နှမဒါချောင်းတံတား တည်ဆောက်ရေးတွင် ရထားသွားတံတားပါ ပူးတွဲဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးပိုက်လင်း(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါဟုဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်ဖြင့် တင်ပြမေးမြန်းရမယ်ဆိုရင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအနက် ရထားလမ်းမရှိသေးသော ပြည်နယ်မှာ ချင်းပြည်နယ်သာဖြစ်ပြီး ချင်းပြည်နယ်ရှိ တခြားမြို့နယ်များသည် မြင့်မားလှသော တောင်ကုန်းပေါ်မှာ တည်ရှိတဲ့အတွက် ရထားလမ်းဖောက်ရန် မလွယ်ကူလှသော်လည်းပဲ ပလက်ဝမြို့သည် ကျောက်တော်မြို့အရှေ့ဘက်မှ မြေပြန့်လွင်အဖြစ် တစ်ဆက်တစ်ဆက်တည်းရှိရာ ရထားလမ်းအတွက် အခက်အခဲရှိမည်မဟုတ်ပါ။ ယခုအခါ စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်မြို့-မြောက်ဦးမြို့များသို့ ရထားဖြင့်သွားလာနိုင်ပြီဖြစ်ပါတယ်။ ပလက်ဝ-ကျောက်တော်ကားလမ်း ၃၄ မိုင် ၄ ဖာလုံသည် တောင်ကုန်းမရှိ မြေပြန့်သာဖြစ်ရာ ရထားလမ်းဖောက်လုပ်ပါက ကျောက်တော်-မြောက်ဦး-ပလက်ဝမြို့နယ် ပြည်သူများသာမက တခြားရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြို့နေပြည်သူများအတွက်ပါ ကျေးဇူးရှိမယ်ဖြစ်ပါတယ်။ ပလက်ဝ-ကျောက်တော်ကားလမ်းတွင် ပေ ၄၂၀ အရှည်ရှိတဲ့ မီးချောင်းတံတား၊ ပေ ၃၂၀ အရှည်ရှိတဲ့ သဲမချောင်းတံတား၊ ပေ ၃၄၀ အရှည်ရှိတဲ့ နှမဒါချောင်းတံတား တည်ဆောက်ရာတွင် ရထားသွားတံတားပါ ပြုလုပ်ပါက အဆင်ပြေချောမွေ့မည်ဖြစ်ပါတယ်။ ရထားလမ်းမရှိသော ပြည်နယ်အဖြစ်မှလည်း လွတ်မြောက်သွားမှာဖြစ်ပါတယ်။ သို့ပါ၍ ရထားလမ်းအတွက် လေ့လာတိုင်းတာရေးလုပ်ငန်းဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်းမေးမြန်းတင်ပြပါတယ်။ တင်ပြမေးမြန်းခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးပိုက်လင်းက ပလက်ဝ-ကျောက်တော်ကားလမ်းမှာရှိတဲ့ မီးချောင်းတံတား၊ သဲမချောင်းတံတားနှင့် နှမဒါချောင်းတံတားတည်ဆောက်ရေးမှာ ရထားသွားတံတားပါ ပူးတွဲတည်ဆောက်ပါက အဆင်ပြေ ချောမွေ့မည်ဖြစ်၍ ၎င်းရထားလမ်းအတွက် လေ့လာတိုင်းတာရေးလုပ်ငန်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်သိလိုပါကြောင်း မေးမြန်းလာတဲ့ကိစ္စကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်ကတင်ပြမှာ ဖြစ်ပါတယ်။ တံတား ၃ စင်းတည်ဆောက်ရေးရန်ပုံငွေချမှတ်ပေးရန်အစီအစဉ်ရှိ/မရှိကိစ္စအတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်သွယ်ညှိနှိုင်းမေးမြန်းရာမှာ အဲ့ဒီ ပလက်ဝ-ကျောက်တော်လမ်းပိုင်းမှာရှိတဲ့ မီးချောင်းတံတား၊ သဲချောင်းတံတား၊ နှမဒါချောင်းတံတားစတဲ့ တံတား ၃ စင်းဆောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ငွေလုံးငွေရင်း ရန်ပုံငွေမှာတင်ပြရန်လျာထားကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ရဲ့ဖြည့်စွက်ရန်ပုံငွေမှာတော့ လျာထားခြင်းမရှိသေးပါကြောင်းပြန်ကြားပါသဖြင့် သိရှိနိုင်ပါရန် တင်ပြအပ်ပါတယ်။ မြန်မာ့မီးရထား အနေနဲ့ ရခိုင်ပြည်နယ်အတွင်းဖောက်လုပ်လျက်ရှိတဲ့ မင်းဘူး-အမ်း-စစတွေ ရထားလမ်းဖောက်လုပ် ရေးစီမံကိန်းဟာ စစ်တွေ-ရေချမ်းပြင်-ပုဏ္ဏားကျွန်း၊ ရသေ့တောင်-ကျောက်တော်တို့ကို ဖြတ်၍ မဟာမုနိ-တိမ်ညို-မြောက်ဦးမှတစ်ဆင့် ဖောက်လုပ်ရန် လမ်းအူကြောင်းရွေးချယ်ထားပါတယ်။ အဆိုပါ လမ်းအူကြောင်းအရ စစ်တွေမှ အမ်းအထိ ဖောက်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါ တယ်။ ပလက်ဝ-ကျောက်တော်လမ်းကတော့ သီးခြားလမ်းပိုင်းဖြစ်နေတဲ့အတွက်ကြောင့် လက်ရှိလျာ ထားဆောင်ရွက်နေတဲ့စီမံကိန်းမှာ ပါဝင်မှုမရှိသေးကြောင်းနှင့် ပလက်ဝ-ကျောက်တော်နှင့်ယှဉ်လျက် ရထားလမ်းများဖောက်လုပ်ရန် လျာထားအစီအစဉ်မရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မြစ်သာမြစ်ကူးတံတားကြီး၏ အခင်းကတ္တရာလမ်းများပျက်စီးနေမှုအား အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဂန့်ဂေါမြဲဆန္ဒနယ်မှ ဦးအောင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမြဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းဂါဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြဲဆန္ဒနယ်မှ ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဂန့်ဂေါမြို့နယ် ကျွန်းခုံသာရွာ အနီးမှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တည်ဆောက်ထားတဲ့ မြစ်သာမြစ်ကူးတံတားနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုး၊ ပြည်သူများရဲ့အကျိုးကိုရည်ရွယ်ပြီး ယခုလို မေးမြန်းတင်ပြရခြင်းပဲ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဂန့်ဂေါမြို့နယ်ဟာ ပုံတောင်ပုံညာတောင်တန်းကြီးများနှင့် ချင်းတောင်တန်းများကြားမှာ တည်ရှိပြီး ထူးခြားစွာ တောင်မှမြောက်သို့ စီးဆင်းနေတဲ့ မြစ်သာမြစ်ဝှမ်းဒေသလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်းမှာ ပါဝင်ခဲ့သော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခက်ခဲခဲဖြစ်လို့ ခေတ်နောက်ကျကျန်ခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်မှုနည်းခဲ့တဲ့ဒေသလည်းဖြစ်ခဲ့ရပါတယ်။ ယခင်တပ်မတော်အစိုးရလက်ထက်က ဖွံ့ဖြိုးတိုးတက်မှုနည်းခဲ့တဲ့ ကျွန်တော်တို့ ဂန့်ဂေါဒေသကြီးကို ဖွံ့ဖြိုးတိုးတက်စေလိုသော စိတ်စေတနာများဖြင့် အခက်အခဲပေါင်းများစွာ၊ ငွေကြေးပေါင်းအမြောက်အမြား အကုန်ကျခံကာ ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းကြီးကို ဖောက်လုပ်ပေးခဲ့တာကြောင့် ယနေ့အခါမှာ လမ်းပန်းဆက်သွယ်ရေးတွေဟာလည်း အတော်အတန်အသင့်ကောင်းမွန်နေပြီဖြစ်တဲ့အတွက် ပြည်သူများဟာအတိုင်းအဆမရှိ ဝမ်းသာမဆုံးဖြစ်ခဲ့ရပါတယ်။ ကျေးဇူးများလည်း အထူးတင်ရှိနေကြပါတယ်။ ဂန့်ဂေါမြို့နယ် ကျွန်းခုံသာရွာအနီးက ရထားလမ်းနှင့် ကားလမ်းသာမက အခြားယာဉ်အမျိုးမျိုးနှင့် လူည်းများပါ ဖြတ်သန်းသွားလာနိုင်တဲ့ မြစ်သာမြစ်ကူတံတားကြီးဟာလည်း ဒေသအတွင်းမှာ ပထမဆုံး တည်ဆောက်ခဲ့တဲ့ အထင်ကရတံတားကြီးတစ်ခုအဖြစ်တည်ရှိခဲ့ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်းခုံသာ-မြစ်သာမြစ်ကူးတံတားကြီးကို တည်ဆောက်ပေးခဲ့တဲ့အတွက်လည်း မြစ်အနောက်ဘက်ကမ်းမှာရှိကြတဲ့ ရွာပေါင်း ၂၀ ကျော်က ပြည်သူပေါင်း ၅၀၀၀၀ ကျော်ဟာ မြစ်သာမြစ်အရှေ့ဘက်ကမ်းတံတားကြီးအနီးမှာရှိတဲ့ ကံရွာကို ကျန်းမာရေးကိစ္စ၊ ပညာရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စအစရှိသဖြင့် ရာသီမရွေး၊ အချိန်အခါမရွေးတံတားကြီးကို ဖြတ်သန်းပြီး မိမိတို့ရဲ့ကိစ္စအဝဝကို လွယ်လင့်တကူဆောင်ရွက်နိုင်ကြပြီ ဖြစ်ပါတယ်။ အလားတူ မြစ်သာမြစ်အရှေ့ဘက်ကမ်းမှာရှိတဲ့ ရွာပေါင်း ၁၅ ရွာမှ ပြည်သူပေါင်း ၃၀၀၀၀ ကျော်ဟာလည်း အဲ့ဒီ တံတားကြီးကိုဖြတ်ကာ အခြားဒေသအသီးသီးသို့လည်းကောင်း၊ ဂန့်ဂေါမြို့နှင့်ကလေးမြို့သို့ ရထားကြီးစီး၍လည်းကောင်း၊ မော်တော်ကား၊ ဆိုင်ကယ်၊ ထော်လာဂျီအစရှိတဲ့ ယာဉ်အမျိုးမျိုးတို့ဖြင့် မိမိတို့ရဲ့ လုပ်ငန်းကိစ္စအဝဝတို့ကို လွယ်ကူစွာဖြတ်သန်း၍ ဆောင်ရွက်နိုင်ကြလို့ ဒေသသားများအတွက် များစွာ အကျိုးကျေးဇူးပြုနေသော တံတားကြီးတစ်စင်းလည်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါတံတားကြီးရဲ့ အခင်းကတ္တရာလမ်းများဟာ နှစ်ကာလအားဖြင့် နှစ်ပေါင်း ၂၀ ခန့် ကြာမြင့်မှုများနှင့်အတူ အသုံးချမှုများ များပြားလွန်းမှုကြောင့် ပျက်စီးယိုယွင်းကာ ချိုင့်ခွက်ကြီး များပင်ဖြစ်နေပြီဖြစ်ပါတယ်။ ဖြတ်သန်းသွားလာကြရတဲ့ ယာဉ်၊ ရထားများအတွက်လည်း များစွာ အန္တရာယ်ရှိနေပြီး အထူးသဖြင့် ခေတ်ကာလနှင့်အညီ ဆိုင်ကယ်စီး၍ တံတားကြီးကို ဖြတ်သန်းကြရတဲ့ ပြည်သူများအတွက် ပို၍ပင် အန္တရာယ်ကြီးမားလှပါတယ်။ တံတားကြီးပေါ်မှ နေ့စဉ်နေ့တိုင်း ဖြတ်သန်း သွားလာနေကြရတဲ့ပြည်သူများဟာ တံတားကြီးရဲ့ အခင်းကတ္တရာလမ်းကြီးရဲ့ ကြီးမားစွာပျက်စီးနေမှု အား အချိန်မီနိုင်ငံတော်မှ ပြန်လည်ပြုပြင်ပေးစေလိုသောဆန္ဒများဖြင့် အားကိုးတကြီး ကူညီတောင်းခံ လာမှုအရလည်း အခုလိုတင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်။ ယနေ့ နိုင်ငံတော်အစိုးရဟာလည်း ပြည်သူ များရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေတဲ့ ပြည်သူ့အစိုးရလည်းဖြစ်နေပြီဖြစ်လို့ ဖော်ပြပါတံတားကြီးရဲ့အခင်းကိုလည်း ပြန်လည်ပြုပြင်ပေးလိမ့် မယ်လို့ ပြည်သူများက မျှော်လင့်နေကြပါတယ်။ လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တံတားကြီးဟာ မြစ်သာမြစ်အရှေ့ဘက်ကမ်းမှာရှိတဲ့ ပြည်သူများနှင့် နောက်ဘက်ကမ်းမှာရှိတဲ့ပြည်သူ များရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများကို များစွာအထောက်အကူပြုနေတဲ့အတွက် နိုင်ငံတော်အကျိုး၊ ဒေသအကျိုး၊ ခရီးသွားပြည်သူများရဲ့အကျိုးကို ရည်ရွယ်ကာ ကျွန်တော်မေးမြန်း လိုတာကတော့ (၁) ဂန့်ဂေါမြို့နယ် ကျွန်းခုံသာရွာအနီးရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ ရထားလမ်း နှင့် ကားလမ်းပါရှိသော မြစ်သာမြစ်ကူးတံတားကြီး၏ အခင်းကတ္တရာလမ်းများ ကြီးမားစွာပျက်စီးနေမှု အား အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ်ရှိပါသလား။ (၂) အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလ တွင် ပြုပြင်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ ဖြင့် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည် တော်ကြီးများခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်မှ ကြယ်ပွင့်ပြ မေးခွန်းအဖြစ် ဂန့်ဂေါမြို့နယ် ကျွန်းခုံသာရွာအနီးရှိ ရထားလမ်းနှင့် ကားလမ်းပါသော မြစ်သာမြစ်ကူး တံတားကြီးရဲ့ အခင်းကတ္တရာများ ကြီးမားစွာ ပျက်စီးနေမှုအား အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ်ရှိ/

မရှိ ဖော်ပြမေးမြန်းလာတဲ့ကိစ္စကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်မှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ဂန့်ဂေါမြို့နယ် ကျွန်းခုံသာရွာအနီးမှာရှိတဲ့ တံတားအမှတ် ၉၄၃ မြစ်သာမြစ်ကူးတံတားဟာ ရထားလမ်းနှင့် ကားလမ်း နှစ်မျိုးပါရှိပြီး မြန်မာ့မီးရထားမှ တည်ဆောက်ထားခဲ့ခြင်း ဖြစ်ပါတယ်။ ပင်မတံတားအရှည် ၆၈၀ ပေ ရှိပြီးတော့ ချဉ်းကပ်လမ်းများအပါအဝင် ၁၀၅၀ ပေရှည်သည့် တံတားဖြစ်ပါတယ်။ တံတားအကျယ်က တော့ ၁၄ ပေ ဖြစ်ပါတယ်။ တံတားပေါ်မှာ ကားများသွားလာနိုင်ရန်အတွက် ကျောက်ခင်းကတ္တရာလမ်း ၁၂ လက်မထု ခင်းထားပါတယ်။ လှည်းဖနောင့်သံပြားသုံးထားတဲ့ နွားလှည်းများ ဖြတ်သန်းမှုကြောင့် ကျောက်ခင်းကတ္တရာလမ်းမှာ လှည်းဘီးရာများအဖြစ် အနက်လေးလက်မခန့် ချိုင့်ဝင်ပြီး လမ်းမျက်နှာ ပြင်များ ချိုင့်ခွက်များ ဖြစ်ပေါ်နေကြောင်း ကားများ၊ ဆိုင်ကယ်များအရှိန်လျှော့ပြီး မောင်းနှင်နိုင် ကြောင်း ရထားလမ်းကောင်းမွန်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ တံတားကြီးပေါ်မှာရှိတဲ့ ကတ္တရာ လမ်းချိုင့်ခွက်များ၊ လှည်းဘီးရာများကို ပြန်ဖို့ပြုပြင်ပေးခြင်း၊ လှည်းဘီးကျရောက်မည့်နေရာမှာ အပျက်အစီးသက်သာစေရေးအတွက် သစ်သားဗျက်ရှစ်လက်မ၊ ထုလေးလက်မ သို့မဟုတ် အမာခင်း ပေးခြင်းများကို မိုးရာသီကုန်ဆုံးချိန် ယခုနှစ် အောက်တိုဘာလကုန်ခန့်မှာ ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**နှစ်စဉ်ပြည်ထောင်စုနေ့ အခမ်းအနားကို ပြပွဲ၊ ပြိုင်ပွဲ၊ အားကစားပွဲ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ပွဲတို့ဖြင့် စည်းကားသိုက်မြိုက်စွာကျင်းပရန်နှင့် ပြည်ထောင်စုအလံတော် သယ်ဆောင်ခြင်း အခမ်းအနားကို ပြန်လည်ဖော်ထုတ်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ ခင်ဗျား။ ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ပြည်ထောင်စုနေ့အခမ်းအနားကျင်းပခြင်းနှင့်စပ်လျဉ်း၍ ထပ်မံမေးမြန်းခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီမိုကရေစီနိုင်ငံတော်သစ်၏ အစိုးရသစ်လက်ထက်တွင် (၆၄) ကြိမ်မြောက်နှင့် (၆၅) ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်

များအားလုံး တက်ရောက်ဆင်နွှဲခွင့်ရရှိခဲ့ကြပါသည်။ ၂၀၁၃ ခုနှစ် (၆၆)ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းရင်းသားကိုယ်စားလှယ်များ၊ ယဉ်ကျေးမှုအဖွဲ့များနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ထားသည့် အဖွဲ့အစည်းများဖြင့် ကျင်းပခဲ့ကြပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားပေါင်းစုံတို့ဖြင့် ဖွဲ့စည်းမှီတင်းနေထိုင်ကြသော ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် ပြည်ထောင်စုနေ့သည် အထင်ကရနေ့ထူးနေ့မြတ်ကြီးဖြစ်သည်နှင့်အညီ ယခင်အစိုးရလက်ထက်၌ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန် ထက်မြက်စေရန်ရည်သန်လျက် ပြည်ထောင်စုနေ့အခမ်းအနားကို အမြို့မြို့အနယ်နယ်များတွင် လူထုချီတက်ပွဲ၊ ပြပွဲ၊ ပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများနှင့် တိုင်းရင်းသားရိုးရာ အကများဖြင့် တစ်နေကုန် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။ ၎င်းအပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအနှံ့ ပြည်ထောင်စုအလံတော်သယ်ဆောင်ခြင်းအခမ်းအနားကိုလည်း အထူးအစီအစဉ် တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်ခဲ့ကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပပုံကိုလေ့လာကြည့်ပါက ကျွန်တော်တို့နယ်မြို့ဒေသများတွင် နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနားနှင့် နိုင်ငံတော်သမ္မတကြီးမှပေးပို့သော သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားများကိုသာ ဆောင်ရွက်နိုင်ကြောင်းတွေ့ရှိရပါတယ်။ ဌာနဆိုင်ရာပြခန်းများခင်းကျင်းပြသခြင်း၊ ကျောင်းသူကျောင်းသားများ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကျင်းပခြင်း၊ စုပေါင်းသွေးလှူဒါန်းခြင်းအစီအစဉ်များကို အချို့မြို့ကြီးများတွင်သာ ဆောင်ရွက်နိုင်ကြောင်းတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ခေတ်သစ်ကြီးတွင် မျိုးဆက်သစ်လူငယ်လူရွယ်များ ပြည်ထောင်စုနေ့၏ အနှစ်သာရကို ပိုမိုထိတွေ့ခံစားနိုင်စေရန်နှင့် တိုင်းရင်းသားစည်းလုံးချစ်ကြည်မှုအစဉ်ရှင်သန်စေရန် ရည်သန်လျက် အောက်ပါမေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ မေးခွန်း(၁) နှစ်စဉ်ပြည်ထောင်စုနေ့အခမ်းအနားကို ပြပွဲ၊ ပြိုင်ပွဲ၊ အားကစားပွဲ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုထုတ်ဖော်ပြသပွဲတို့ဖြင့် အမြို့မြို့အနယ်နယ်တို့၌ တစ်ပြေးညီစည်ကားသိုက်မြိုက်စွာကျင်းပသွားရန် အစီအစဉ်ရှိ/မရှိ။ မေးခွန်း(၂) ပြည်နယ်နှင့်တိုင်းဒေသကြီးအနှံ့ ပြည်ထောင်စုအလံတော် သယ်ဆောင်ခြင်းအခမ်းအနားကို ပြန်လည်ထုတ်ဖော်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိတို့ကို ရှိသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းဆွေ(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)** ။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေခရိုင်၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်တဲ့ ကျွန်တော် ဦးသန်းဆွေ ကဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုံမှန်အားဖြင့် နှစ်စဉ်ဒီဇင်ဘာလမှာ ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီနှင့် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီနဲ့ စီမံခန့်ခွဲမှုကော်မတီတို့က အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် ပြည်ထောင်စုနေ့အခမ်းအနားအား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းတာဝန်များ ချမှတ်ပေးခြင်း၊ လုပ်ငန်းများစနစ်တကျဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးအားဖွဲ့စည်းခြင်းများဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီမှာ ပါဝင်တဲ့ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များဟာ တိုင်းရင်းသားအားလုံးသွေးစည်းညီညွတ်မှု ပြည်ထောင်စုစိတ်ဓာတ်ယုံကြည်သက်ဝင်မှုရှိစေရေးတို့အတွက် အထူးအလေးထားပြီး တာဝန်ယူဆောင်ရွက်ကြရပါတယ်။ ယခုလာမယ့် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် ဗဟိုကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီများမဖွဲ့စည်းရသေးပါကြောင်း။ ယင်းဗဟိုကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့ ဖွဲ့စည်းပြီးနောက် ဗဟိုကော်မတီဥက္ကဋ္ဌသို့ လွှတ်တော်ကိုယ်စားလှယ်များ၏မေးမြန်းချက်ကို တင်သွင်းပေးမည်ဖြစ်ပါကြောင်းနှင့် နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ ဆောင်ရွက်ကြတဲ့ လုပ်ငန်းစဉ်များကို ဘဏ္ဍာငွေသုံးစွဲမှုအားသင့်လျော်စွာ ခွဲဝေဆောင်ရွက်ပေးသွားစေနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ကျင်းပပြီးစီးခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံတော်အဆင့် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီတို့ ဖွဲ့စည်းပြီးတော့ နိုင်ငံတော်အဆင့် ပြည်ထောင်စုနေ့အခမ်းအနားကိုလည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဆင့် ပြည်ထောင်စုနေ့အခမ်းအနားများကိုလည်းကောင်း ကျင်းပပြုလုပ်ပေးနိုင်ခဲ့ပါတယ်။

နိုင်ငံတော်အဆင့် ကျင်းပတဲ့ပြည်ထောင်စုနေ့အခမ်းအနားမှာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်မှုဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဖိတ်ခေါ်ပြီးတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနကနေပြီး အနုပညာရှင်များ ပူးပေါင်းပါဝင်တဲ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများကို ဖျော်ဖြေတင်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ပိုစတာ၊ ပန်းချီ၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲများကိုလည်းကောင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲများနှင့် အခြားတိုင်းရင်းသားရိုးရာအားကစားပြိုင်ပွဲများကိုလည်းကောင်း၊ တိုင်းရင်းသားတို့၏ယဉ်ကျေးမှုအကများ ကပြဖျော်ဖြေခြင်း၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများဖွင့်လှစ်ပြသခြင်း၊ တိုင်းရင်းသားရိုးရာအစားအစာများ ထည့်သွင်းရောင်းချပေးခြင်းများကိုလည်းကောင်း ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ အားကစားဝန်ကြီးဌာန အနေဖြင့်လည်း ပြည်ထောင်စုအလံတော် သယ်ဆောင်ခြင်း၊ ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစား ပြိုင်ပွဲများကျင်းပခြင်းတို့ကို ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် ပြည်ထောင်စုနေ့ကျင်းပရေးကော်မတီအဆင့်ဆင့်တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အားကစားဝန်ကြီးဌာနနှင့် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနအဆင့်ဆင့်တို့မှ စည်ကားသိုက်မြိုက်စွာကျင်းပပေးခဲ့ပါတယ်။ သို့ပါ၍ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အထက်တွင်တင်ပြခဲ့သည့်အတိုင်း ဆောင်ရွက်ခဲ့ပါကြောင်းနှင့် ကြီးကျယ်ခမ်းနားစွာဆောင်ရွက်သွားပါရန် သဘောဆန္ဒရှိပါကလည်း ၂၀၁၄ ခုနှစ် သို့မဟုတ် ၂၀၁၄ အလွန်နှစ်များတွင် ရန်ပုံငွေချထားပြီး အားလုံးဆန္ဒတူ၊ ကိုယ်တူ ပါဝင်ဆောင်ရွက်မှုဖြင့် ဆောင်ရွက်သွားနိုင်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်ပုံမြစ်တွင် နစ်မြုပ်လျက်ရှိသော ဓမ္မစေတီခေါင်းလောင်းတော်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှမောင်(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံးတို့အား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပြီး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်(ခ) ဦးနိုင်လှမောင်

ဖြစ်ပါတယ်ခင်ဗျား။ ယခုကျွန်တော်တင်ပြမေးမြန်းလိုတဲ့ကိစ္စကတော့ နှစ်ပေါင်း ၄၀၀ ကျော်က ရေတွင် နှစ်မြုပ်နေခဲ့တဲ့ ဓမ္မစေတီကြေးခေါင်းလောင်းတော်ကြီးကို ပြန်လည်ဆယ်ယူရေးကိစ္စပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခရစ်သက္ကရာဇ် ၁၄၇၁၊ ၁၄၉၂ တွင်လည်းကောင်း၊ မြန်မာသက္ကရာဇ် ၈၃၃၊ ၈၅၄ ခုနှစ်တွင်လည်းကောင်း ဟံသာဝတီနိုင်ငံတော်ကြီးကို အုပ်ချုပ်စိုးစံခဲ့သော မွန်ဘုရင်ဓမ္မစေတီမင်းကြီးမှ ကြေးပိဿာချိန် ၁၈၀၀၀၀ ရှိ ခေါင်းလောင်းတော်ကြီးကိုသွန်းလုပ်တော်မူပြီး ပြည်သူများအလှူဒါနပြုလုပ်၍ အမျှဝေဆုတောင်း သာဓုအနုမောဒနာခေါ်ဆိုနိုင်ရန်အလို့ငှာ ရည်သန်မျှော်ကိုးလျက် ခရစ်သက္ကရာဇ် ၁၄၇၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှာ ရွှေတိဂုံစေတီတော်မြတ်ကြီးထံ ရေစက်သွန်းချ အမျှဝေလှူဒါန်းခဲ့ပါကြောင်း သိရှိမှတ်သားရပါတယ်။ အဆိုပါ ကြေးသွန်းခေါင်းလောင်းတော်ကြီးမှာ ကြေးပိဿာချိန် ၁၈၀၀၀၀ ရှိသည့်အလျောက် ကမ္ဘာတစ်လွှားတွင် အကြီးမားဆုံးသော ခေါင်းလောင်းတော်ကြီးဖြစ်ကြောင်းနှင့် ခေါင်းလောင်းတော်၏ သက်တမ်းမှာ နှစ်ပေါင်း ၅၀၀ ကျော်ခန့်ရှိပြီဖြစ်ကြောင်း သိရှိရပါတယ်။ မွန်ဘုရင် ဓမ္မစေတီမင်းကြီးသည် ဝါရင့်ရဟန်းတော်တစ်ပါးဖြစ်ခဲ့ပြီး ဘုရင်မှ ရှင်စောပုအား လူထွက်စေ၍ သမီးတော်နှင့်ထိမ်းမြားလက်ထပ်ကာ ဟံသာဝတီထီးနန်းကို အပ်နှင်းအုပ်ချုပ်စေသဖြင့် ဘုရင်အဖြစ်သို့ရောက်ရှိခြင်းဖြစ်ပါသည်။ မင်းကြီးသည် မင်းကျင့်တရား ၁၀ ပါးနှင့်အညီ တိုင်းသူပြည်သားအပေါ် တရားမျှတစွာ အုပ်ချုပ်ခဲ့သောမင်းကောင်းမင်းမြတ်တစ်ပါးဖြစ်ပါတယ်။ ရဟန်းဘဝကပင် မွန်ဘာသာ၊ ပါဠိဘာသာ၊ စာပေကျမ်းဂန်များ၊ ပိဋကတ်စာပေများတို့ကို တစ်ဖက်ကမ်းခတ် ထူးချွန်ကျွမ်းကျင်စွာတတ်မြောက်ခဲ့သူဖြစ်ပြီး အဆိုပါပိဿာ ၁၈၀၀၀၀ ရှိ ခေါင်းလောင်းတော်ကို သွန်းလုပ်ရာတွင်လည်း ခေါင်းလောင်းတော်၏ မျက်နှာပြင်များပေါ်၌ ၎င်း၏အလှူဒါနအတွက် ရေစက်သွန်းချ အမျှဝေဆုတောင်းခဲ့တဲ့အချက်များနှင့် မွန်တို့၏ယဉ်ကျေးမှုသမိုင်းအကြောင်းအရာများတို့ကို ကဗ္ဗည်းထိုးရေးသားမှတ်တမ်းတင်ထားရှိခဲ့ကြောင်း လေ့လာမှတ်သားသိရှိရပါတယ်။ အနောက်ဘက်လွန်မင်းတရားကြီးလက်ထက်တော်တွင် ပေါ်တူကီလူမျိုး ဇေဗင်ကာခေါ် ဖီးလစ်ဒီဘရစ်တိုမှ အဆိုပါခေါင်းလောင်းတော်ကြီးကို အရည်ကျိုပြီး အမြောက်ပြုလုပ်ရန်အတွက် ခရစ်သက္ကရာဇ် ၁၆၀၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဖောင်သင်္ဘောဖြင့် သန်လျင်မြို့သို့သယ်ဆောင်ယူသွားသည့်အရေးကို လမ်းခရီးတွင် ပုဇွန်တောင်ချောင်းဝအရောက် ဒေါပုံမြစ်ကူးသည့်နေရာတစ်ဝိုက်တွင် ဖောင်သင်္ဘောပျက်၍ ခေါင်းလောင်းတော်သည် မြစ်ထဲကျ၍ နစ်မြုပ်ခဲ့ရပါတယ်။ နစ်မြုပ်ခဲ့သည့်နှစ်ပေါင်းမှာ ၄၀၁ နှစ်ရှိပြီးဖြစ်ပါတယ်။ ၁၉၈၇ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၉ ခုနှစ်

တွင် ၂ ကြိမ်၊ ၁၉၉၇၊ ၁၉၉၈ ခုနှစ်တွင် တစ်ကြိမ်၊ စုစုပေါင်း ၄ ကြိမ်တိုင်တိုင်ဆယ်ယူရန်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပါကြောင်းသိရှိရပါသည်။ အဆိုပါခေါင်းလောင်းတော်ကြီးအား ဆက်လက်ဆယ်ယူနိုင်ရေးအတွက် ပြည်ပကုမ္ပဏီမှ အကူအညီပေးရန် ကမ်းလှမ်းလာသော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆယ်ယူရန်ခွင့်မပြုသေးပါသဖြင့် ဆယ်စုနှစ်ပေါင်းများစွာ စောင့်ဆိုင်းခဲ့ရပါကြောင်းနှင့် ယနေ့တိုင် ဆယ်ယူမှုမပြုလုပ်နိုင်သေးပါကြောင်းကိုလည်း ဂျာနယ်အချို့မှ ဖတ်ကြားသိရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤခေါင်းလောင်းဆယ်ယူရေးကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော်တို့မွန်တိုင်းရင်းသားရှေးလူကြီးများတို့၏ သက်ကြီးစကားသယ်ငယ်ကြားစကားအရ ကြားဖူးလို့တင်ပြရမည်ဆိုပါက (က) ခေါင်းလောင်းအလှူရှင်ဖြစ်သော ဓမ္မစေတီမင်းကြီးသည် ဘုန်းကံမြင့်မားသူဖြစ်၍လည်းကောင်း၊ ခေါင်းလောင်းတော်အား ရွှေတိဂုံဘုရားတွင် ရေစက်သွန်းချအမျှဝေ၍ လှူဒါန်းထားသော ပစ္စည်းဖြစ်နေ၍လည်းကောင်း၊ ဆိုင်ရာပိုင်ရာသမာဒေဝနတ်များတို့မှ စောင့်ရှောက်ထားမည်ဖြစ်ပါသဖြင့် ခေါင်းလောင်းကို ဆယ်ယူရရှိလိုပါက ၎င်းနတ်ဒေဝါတို့အား တိုင်တည်ပြီးခွင့်ပြုချက်တောင်းရန်လိုအပ်ပါကြောင်း။ (ခ) ဆယ်ယူမည့်ပုဂ္ဂိုလ်များတို့သည်လည်း သီလသမာဓိပညာ၊ ကတိသစ္စာ၊ ဘုန်းသမ္ဘာအစရှိသည့် သူတော်ကောင်းတရားများနှင့် ပြည့်စုံနေရန်လည်းလိုအပ်ပါကြောင်း။ (ဂ) ကာလဒေသဆိုသော စကားအရ အချိန်အခါကောင်းရွေးချယ်ရန်နှင့် အောင်မြင်နိုင်သောအရပ်ဒေသကို ရွေးချယ်တတ်ရန်လိုအပ်ပါကြောင်း ရှေးလူကြီးတွေ၏စကားကို မှတ်မိသမျှ တင်ပြခြင်းဖြစ်ပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်အခါမှာ နိုင်ငံတော်၏ရှေးဟောင်းအမွေအနှစ်များကို မြေပေါ်မြေအောက်မှ ရှာဖွေစုဆောင်းလျက်ရှိသော အချိန်ကာလ၌ တန်ဖိုးမဖြတ်နိုင်သည့်ယဉ်ကျေးမှုအမွေအနှစ်အမြောက်အမြားနှင့် ပြည့်စုံနေသော ရေအောက်ရှိ ဓမ္မစေတီခေါင်းလောင်းတော်ကြီးကို ဆယ်ယူရရှိမည်ဆိုပါက အဖိုးမဖြတ်နိုင်သော မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်မြောက်မြားစွာတို့ကိုရရှိနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ အကယ်၍ ဆယ်ယူမှုမပြုဘဲ ရေအောက်တွင်နှစ်ပေါင်းများစွာ နှစ်မြုပ်နေမည်ဆိုပါက ခေါင်းလောင်းတော်သည် ယခုထက်မက ပျက်စီးဆုံးရှုံးသွားနိုင်မည်ဖြစ်ပါသဖြင့် နိုင်ငံတော်အတွက် ကြီးမားသော ဆုံးရှုံးမှုတစ်ရပ်နှင့် ရင်ဆိုင်ရမည်ဖြစ်ပါကြောင်းတင်ပြလိုပါတယ်။ သို့ပါ၍ ဓမ္မစေတီခေါင်းလောင်းတော်ကြီး ဆယ်ယူရရှိရေးကိစ္စကို နိုင်ငံတော်၏ယဉ်ကျေးမှုအမွေအနှစ်စုဆောင်းရေးကဏ္ဍတွင် အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်သတ်မှတ်သင့်ပါကြောင်း တင်ပြအစီရင်

ခံပြီး အမြန်ဆုံးအကောင်အထည်ဖော်ဆယ်ယူနိုင်ပါရန် အလေးအနက်တိုက်တွန်းလိုပါကြောင်းနှင့် အောက်ဖော်ပြပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်း မေးမြန်းခွင့် ပြုပါရန်လေးစားစွာတင်ပြအပ်ပါသည်။ မေးခွန်း(က) ဒေါပုံမြစ်တွင် နစ်မြုပ်လျက်ရှိသော ဓမ္မစေတီ ခေါင်းလောင်းတော်အား ပြည်ပနိုင်ငံကုမ္ပဏီမှ ကူညီဆယ်ပေးမည်ဟု ကမ်းလှမ်းသည့်ကိစ္စမှာ ဟုတ်မှန်ပါသလား။ မည်သည့်နိုင်ငံမှ မည်သည့်အဖွဲ့အစည်းက မည်ကဲ့သို့ကူညီမည်ဖြစ်ကြောင်း သိရှိလိုပါသည်။ (ခ) အဆိုပါပြည်ပနိုင်ငံမှ ကူညီဆယ်ယူခွင့်ကို ယဉ်ကျေးမှုဝန်ကြီးဌာနမှ ခွင့်မပြုသေး ပါသဖြင့် ဆယ်စုနှစ်များစွာစောင့်စားခဲ့ရသည့်ကိစ္စသည် ဟုတ်မှန်ပါသလား။ ဟုတ်မှန်မည်ဆိုပါက အဆိုပါကူညီမည့်နိုင်ငံအား ကူညီခွင့်မပြုသည့်အကြောင်းများကို သိရှိလိုပါသည်။ (ဂ) ဓမ္မစေတီ ခေါင်းလောင်းတော်အားဆယ်ယူရေးကိစ္စတွင် မည်ကဲ့သို့သော အခက်အခဲများရှိပါသနည်း။ ခေါင်းလောင်းတော်အား မည်သည့်ခုနှစ်ကို နောက်ဆုံးထားပြီး အပြီးအပိုင်ဆယ်ယူရန် လျာထား သတ်မှတ်ထားပါသနည်း။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းဆွေ(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)** ။ ။လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်(ခ) ဦးနိုင်လှမောင် မေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်တဲ့ ကျွန်တော် ဦးသန်းဆွေက ဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါပုံမြစ်တွင်နစ်မြုပ်လျက်ရှိသော ဓမ္မစေတီခေါင်းလောင်းတော်ဟာ ခုနက လွှတ်တော် ကိုယ်စားလှယ်တော်ကြီးပြောသွားတဲ့အတိုင်း သမိုင်းတန်ဖိုးအရ အဖိုးမဖြတ်နိုင်တဲ့ ခေါင်းလောင်းကြီး ဖြစ်တယ်ဆိုတာ အငြင်းမပွားနိုင်ပါဘူး။ ဒါပေမယ့် ဒီခေါင်းလောင်းတော်ကြီးကို ပြည်ပနိုင်ငံကုမ္ပဏီမှ ကူညီဆယ်ယူ ပေးမယ်လို့ ကမ်းလှမ်းတာဟာ ၂၀၁၀ ခုနှစ် စင်ကာပူနိုင်ငံမှ SD Mark International LLP ကုမ္ပဏီဟာ ကျွမ်းကျင်တဲ့ပညာရှင်များ သင်္ဘောများငှမ်းရမ်းမှု အမေရိကန်ဒေါ်လာ ၁၀ သန်း အကုန်အကျခံကာ ရှာဖွေဆယ်ယူမယ်လို့ စာရေးဆရာ ဦးချစ်စံဝင်းကတစ်ဆင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကိုကမ်းလှမ်းလာပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ၂၀၁၂ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံကလည်း ဒီရှေးခေတ်

မွန်လူမျိုးတို့ရဲ့ လက်ရာတစ်ခုဖြစ်တဲ့ ဓမ္မစေတီခေါင်းလောင်းကြီးသယ်ယူရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းလာပါတယ်။ အဲဒီတုန်းကလည်း ယဉ်ကျေးမှုဝန်ကြီးဌာနက ပြန်လည်ဖြေကြားရာမှာ ဓမ္မစေတီခေါင်းလောင်းတော်ကြီးဆယ်ယူရန်အတွက် ကမ်းလှမ်းလာတဲ့ ကုမ္ပဏီရှိသော်လည်း နည်းပညာ၊ အတတ်ပညာ၊ ပညာရှင်များ၊ ငွေအင်အားလိုအပ်သော ခေတ်မီကိရိယာများ ပြည့်စုံမှသာ ဆက်လက်ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်းဖြေကြားခဲ့ပါတယ်။

ဘာကြောင့်လဲဆိုတော့ အဲဒီကုမ္ပဏီ အဲဒီတုန်းကလာပြီးကမ်းလှမ်းတဲ့အခါမှာ သူကိုယ်တိုင်က အဲဒီငွေကြေးအတတ်ပညာတွေနဲ့ ပြည့်စုံပြီးသားအဆင်သင့်ဖြစ်တဲ့ကုမ္ပဏီမဟုတ်ပါဘူး။ သူက သူမှာဘာမှမရှိသော ပွဲစားသာသာလာပြီး ကမ်းလှမ်းပြီးတော့ သူကမှ ဒီက အင်းခံလိုက်မှပြန်ပြီးတော့ အလှူရှင်ရှာရမယ့်အနေအထားမျိုးဖြစ်ပါတယ်။ ဒါ့ကြောင့် ဒါဟာပျက်ပြယ်သွားခြင်းဖြစ်ပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနက ငြင်းပယ်လိုက်တာမဟုတ်ပါဘူး။ ဓမ္မစေတီခေါင်းလောင်းတော်ကြီး ဆယ်ယူရန်အတွက် လိုအပ်တဲ့အချက်အလက်နည်းပညာ အထောက်အပံ့ဖြစ်စေမယ့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့က ရန်ကုန်မြို့ Chatrium Hotel မှာကျင်းပခဲ့ပါတယ်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှာ သမိုင်းပညာရှင်များ၊ ရေကြောင်းဆိုင်ရာပညာရှင်များ၊ ဆယ်ယူမှုနည်းပညာဆိုင်ရာပညာရှင်များနှင့် ကျွမ်းကျင်သူများမှ စာတမ်း ၁၁ စောင်ဖတ်ကြားခဲ့ပါတယ်။ လိုအပ်မယ့်နည်းပညာ၊ ရေကြောင်းပြောင်းလဲမှုနှင့် နုန်းမြေတင်မှုအခြေအနေများ၊ တူးဖော်တဲ့စီမံကိန်းတွေမှာ အခြားလူမှုစီးပွားရေးအတွက် ထည့်သွင်းစဉ်းစားရန်လိုအပ်ပုံများကို အကြံပြုဆွေးနွေးသွားခဲ့ကြပါတယ်။ အဲ့ဒီတုန်းက ကျွန်တော့်အနေနဲ့ ဒီဝန်ကြီးဌာနကို မရောက်သေးပေမယ့် အဲ့ဒီ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့ပါတယ်။ ခေါင်းလောင်းကြီးနှင့်ပတ်သက်ပြီး ဒဏ္ဍာရီသဖွယ်ဖြစ်နေတဲ့ အချက်များကို ထောက်ပြသွားတဲ့အထဲမှာ ကျွန်တော်ကြားလိုက်ရတာက မြန်မာ့သမိုင်းဆိုင်ရာ ကျောက်စာအထောက်အထားတို့နဲ့ တင်ပြသွားမှုများလည်း ရှိပါတယ်။ ထို့အပြင် နှစ် ၄၀၀ ကျော် အချိန်ကြာမြင့်ခဲ့ပြီးဖြစ်တဲ့ ဒီရေကြောင့် ဒီရေစီးဆင်းမှုနှင့် သဲနုန်းပို့ချမှုကြောင့် မြေအောက်သို့ ရောက်ရှိမှုများလည်း ရှိနိုင်ကြောင်း ထွက်ဆိုတင်ပြသွားတာ ကြားခဲ့ရပါတယ်။ အထူးသဖြင့် ကျွန်တော် မှတ်မိတာက အဲဒီတုန်းက ရေကြောင်းပညာရှင် ဦးချာလီသန်း က ဒီရေကြောင်းပြောင်းလဲမှုက နှစ် ၁၀၀ မှာ ၁၂ မိုင် ရွေ့လျားတဲ့အတွက် ဒီနှစ် ၄၀၀ မှာ ၄၈ မိုင်၊ မိုင် ၅၀ ရွေ့သွားမှာ ဖြစ်တဲ့အတွက် မလွယ်ဘူးလို့ သူတင်ပြသွားတာ ကျွန်တော် မှတ်မိပါတယ်။ အဲ့ဒီလို တင်ပြပြီးတဲ့အပြင် ဓမ္မစေတီခေါင်းလောင်းကြီးနဲ့ ပတ်သက်ပြီး နောက်ပညာရှင်တစ်ယောက်က ဝေဖန်သွားတာလည်း ရှိပါတယ်။

သူ့ရဲ့ ဝေဖန်ချက်ကလည်း အကြောင်းအကျိုးဆီလျော်ပါတယ်။ သူက ဘယ်လိုဝေဖန်တင်ပြသွားလဲ ဆိုရင် ဒီဘရစ်တိုဟာ ဒီခေါင်းလောင်းကြီးကို သန်လျင်ကိုသယ်သွားတာ သမိုင်းတန်ဖိုးနဲ့ ခေါင်းလောင်းရဲ့ ယဉ်ကျေးမှု လက်ယာအတွက် သယ်သွားတာမဟုတ်ဘူး။ သူဟာ ဒါကြီးကို အရည်ကျိုပြီး လက်နက်လုပ်ဖို့ သယ်သွားတာ ဖြစ်တဲ့အတွက် ဒီလို အပင်ပန်းခံပြီး ခဲရာခဲဆစ်သယ်သွားမှာ မဟုတ်ဘူး။ ရိုက်ချိုးဖျက်ဆီးပြီး အပိုင်းအစများကိုပဲ သယ်သွားမှာ ဖြစ်ပါတယ်လို့ တင်ပြခဲ့တာလည်း ကျွန်တော်တို့ မှတ်မိပါတယ်။ ရှေးဟောင်းဗိသုကာတန်ဖိုးအဖြစ်နဲ့ အကဲဖြတ်ပါက ခေါင်းလောင်းအဖြစ်သာ ရှိပါမယ်။ ဆယ်ယူရရှိခြင်းဟာ သာမန်တန်ဖိုးသာဖြစ်ပါ၍ ရေကြောင်းပြောင်းလဲနိုင်မှု၊ မြစ်ဝလမ်းကြောင်းရှုပ်ထွေးနိုင်မှုတို့ ရှိနိုင်တဲ့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ သဘောထားလည်း ရယူသင့်ပါကြောင်း အဲဒီတုန်းက သုံးသပ်ခဲ့ကြပါတယ်။ ထို့အပြင် ဓမ္မစေတီခေါင်းလောင်း ဆယ်ယူရေးအတွက် ကျိုက်ထီးဆောင်းဆရာတော်က နိုင်ငံတော်သမ္မတရုံးကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့မှာ တင်ပြခဲ့ပါတယ်။ သမ္မတရုံးက ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ သဘောထားကို တောင်းခံခဲ့ပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာန အနေနဲ့ သီးခြားသဘောထား ပြန်ကြားရန်မရှိပါကြောင်း နှင့် အစိုးရအဖွဲ့ရဲ့ လုပ်ငန်းလမ်းညွှန်အဖြစ် ခွင့်ပြုပါက ဆရာတော်နှင့်အဖွဲ့ဟာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့တင်ပြဆောင်ရွက်သင့်ကြောင်း တင်ပြပြန်ကြားခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ပနိုင်ငံမှ ကူညီဆယ်ယူခွင့်ကို ယဉ်ကျေးမှုဝန်ကြီးဌာနက ခွင့်မပြုသေးပါသဖြင့် ဆယ်စုနှစ်များစွာ စောင့်ဆိုင်းခဲ့ရသည့်ကိစ္စမှာ မှန်ကန်မှုမရှိပါဘူး။ ကျွန်တော်အထက်က ပြောခဲ့ပြီးပါပြီ။ အဲဒီပြည်ပ ကုမ္ပဏီကလည်း အဲဒီတုန်းက ကုမ္ပဏီမိတ်ဆက်နဲ့ အတွေ့အကြုံကိုသာ တင်ပြနိုင်ပြီး ခုနက ကျွန်တော်ပြောသလို ငွေကြေးခိုင်ခိုင်မာမာရှိတဲ့ အထောက်အထား၊ သုတေသန ပြုစုဆောင်ရွက်မှုများ၊ အဆိုပါ ကုမ္ပဏီနဲ့ပတ်သက်ပြီး ဆောင်ရွက်မှုမှတ်တမ်းအထောက်အထားများနဲ့ ပြည့်စုံခိုင်လုံစွာ တင်ပြနိုင်မှုမရှိတာကြောင့် ကူညီခွင့်ပြုနိုင်ရေးအတွက် ထောက်ခံချက်ပေးနိုင်ခြင်းမရှိပါဘူး။ ယဉ်ကျေးမှုဝန်ကြီးဌာန တစ်ခုတည်းအနေဖြင့်လည်း ထောက်ခံခွင့်ပြု၍မရပါ။ ဓမ္မစေတီ ခေါင်းလောင်းတော်ကို ဆယ်ယူရေးကိစ္စရပ်မှာ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ခေတ်မီ နည်းပညာပစ္စည်း အပြည့်အဝမသုံးစွဲနိုင်ခြင်း၊ ကုန်ကျစရိတ်ကြီးမားမှုကြောင့် ပညာရပ်နယ်ပယ်အသီးသီးမှ ပညာရှင်များ ပံ့ပိုးပါဝင်မှုအားနည်းခြင်း၊ လောကီ၊ လောကုတ္တရာ ယုံကြည်မှုအစွဲအလမ်းများ ရှိနေကြခြင်း၊ ခေါင်းလောင်းတော်ကြီး ရေတွင်ကျခဲ့သည့် အချိန်မှစ၍ နှစ်ပေါင်း ၄၀၀ ခန့်အကြာ ရေကြောင်းပြောင်းလဲမှု၊ နုန်းမြေပို့ချမှု၊ ပထဝီအနေအထားပြောင်းလဲမှု၊ ငလျင်နှင့်မိုးလေဝသအန္တရာယ်များ ပေါ်ပေါက်မှု၊ မြို့ပြဧရိယာချဲ့ထွင်မှု၊ လူနေမှုသိပ်သည်းမှုစတဲ့

အခက်အခဲများရှိနေပြီး ဆယ်ယူရရှိနေတဲ့အတွက် လျာထားသတ်မှတ်ထားသော အချိန်ကာလမရှိသေး ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။ ]

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သောကြာနေ့ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းလည်း လိုသလောက် မေးပြီးတော့လိုသလောက်ပဲဖြေလို့ရပါတယ်။

**သဘာဝခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များ ချမှတ်ပေးရန်နှင့် ချင်းပြည်နယ်တွင် သဘာဝနယ်မြေသစ်များ တိုးချဲ့သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် လေ့လာသူဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်မေး လိုတဲ့မေးခွန်းကတော့ သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့် ညွှန်ကြားချက်များထုတ်ပြန်ချမှတ်ပေးရန်နဲ့ပတ်သက်တဲ့ မေးခွန်းပဲဖြစ်ပါတယ်။ လေးစားအပ်ပါ

သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ သဘာဝအခြေခံခရီးသွားလုပ်ငန်းအဖြစ် လေ့လာနိုင်တဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ ၂ ခုရှိတယ်လို့ သိရပါတယ်။ အဲဒီထဲမှာ ချင်းပြည်နယ်မှာရှိတဲ့ နတ်မတောင်အမျိုးသားဥယျာဉ်ဟာလည်းပဲ တစ်ခုအပါအဝင်ဖြစ်တယ်လို့သိရပါတယ်။ သဘာဝအခြေခံခရီးသွားလုပ်ငန်းဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသပြည်သူတို့ရဲ့၊ ပြည်သူလူထုရဲ့အလုပ်အကိုင် ဝင်ငွေတိုးတက်ရေးအခွင့်အလမ်းများအပြင် နိုင်ငံတော်ရဲ့ခရီးသွားလုပ်ငန်းကိုပါအထောက်အကူပြုကြောင်းလေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်လိုတဲ့ ဒေသခံအဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်းရှင်များ ပူးပေါင်းပြီးတော့ စနစ်တကျအကောင်အထည်ဖော်ခွင့် ရရှိရေးအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ချမှတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ချင်းပြည်နယ်မှာ သဘာဝအခြေခံခရီးသွားလုပ်ငန်း တိုးချဲ့နိုင်ရန်အတွက် သဘာဝနယ်မြေသစ်များ တိုးချဲ့သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)** ။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးထန်းလိန်းရဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့်မေးခွန်းကို သက်ဆိုင်တဲ့ဝန်ကြီးဌာနများရဲ့ကိုယ်စားဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ တိုးတက်ပြောင်းလဲလာတဲ့ ခေတ်စနစ်နှင့်အညီ သဘာဝကို အခြေခံသောခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်တဲ့ဝန်ကြီးဌာနဖြစ်တဲ့ ဟိုတယ်နှင့်ခရီးဝန်ကြီးဌာနအနေဖြင့် Policy for Responsible Tourism, Dos and Don'ts for International Visitors, Policy for Community Involvement in Tourism စတဲ့ စာအုပ်စာတမ်းများကို တိုင်းဒေသကြီးနှင့်

ပြည်နယ်များအထိ ထုတ်ယူဖြန့်ချိပြီးတော့ ပညာပေးဆောင်ရွက်ခဲ့တဲ့အပြင် မြန်မာနိုင်ငံရဲ့ခရီးသွား လုပ်ငန်း ပင်မစီမံကိန်းကိုလည်း သက်ဆိုင်ရာအစိုးရဌာနများနှင့်အတူ ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပကျွမ်းကျင်သူများနှင့် ပူးပေါင်းပြီးတော့စီမံကိန်းကိုလည်း ရေးဆွဲ လျက်ရှိပါတယ်။ ဒီစီမံကိန်းဟာဆိုလို့ရှိရင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက် လာစေရန် ရည်ရွယ်ရေးဆွဲခဲ့ခြင်းဖြစ်ပြီးတော့ အဆိုပါစီမံကိန်းတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကို ပါဝင်ရေးဆွဲသွားမှာဖြစ်ပါတယ်။ အဆိုပါ စီမံကိန်းရေးဆွဲအတည်ပြုပြီးတဲ့ အခါမှာတော့ဖြင့် သက်ဆိုင်ရာခရီးသွားလုပ်ငန်းများက လိုက်နာ ဆောင်ရွက်နိုင်ရေးအတွက်ကိုလည်း ထုတ်ပြန်ကြေညာသွားမှာဖြစ်ပါတယ်။

ချင်းပြည်နယ်ရဲ့ သဘာဝအခြေခံကို ခရီးသွားလုပ်ငန်းပိုမိုတိုးတက်စေရန် ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းဝန်ကြီးဌာနအနေဖြင့် လက်ရှိတည်းခိုတဲ့အခန်းများကို အဆင့်မြှင့်တင်ပြီးတော့ နိုင်ငံခြားသား များတည်းခိုနိုင်အောင် ဆောင်ရွက်ပြီး လုပ်ငန်းလိုင်စင်များ ထုတ်ပေးလျက်ရှိပါတယ်။ ချင်းပြည်နယ်သို့ ပြည်တွင်း၊ ပြည်ပဧည့်သည်များ ပိုမိုလာရောက်စေရေးအတွက်ကို ကျော်ကြားတဲ့လုပ်ငန်းများ ချင်းပြည်နယ်ခရီးစဉ် လေ့လာမှုအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တစ်ဖက် အိန္ဒိယနိုင်ငံ မှ ခရီးသွားလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအကြားမှာ အပြန်အလှန် လေ့လာ မှုအစီအစဉ်များ ဆွေးနွေးပွဲများလုပ်ကိုင်နိုင်အောင် ချိတ်ဆက်ဆောင်ရွက်ပေးတဲ့ လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှာလည်း သက်ဆိုင်တဲ့သင်တန်းများကို၊ ဖွင့်လှစ်သင်ကြားပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါ တယ်။ တစ်ခါ ချင်းပြည်နယ်အတွင်းမှာ သဘာဝကိုအခြေခံတဲ့ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရန် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးတော့ ကန်ပက်လက်မြို့နယ်၊ မင်းတပ်မြို့နယ်များသို့ ကမ္ဘာလှည့်ခရီးသည်များ သွားလာနိုင် ပြီးတော့ တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်၊ ကျီးခါးမြို့နယ်ခွဲ၊ ဖလမ်းမြို့နယ်၊ ရိခေါ်ဒါရ်မြို့နယ်ခွဲ၊ ထန်တလန်မြို့နယ်နှင့်ဟားခါးမြို့နယ်များမှာ မြို့ပေါ်မှာဆိုလို့ရှိရင်ခွင့်ပြုချက်မလိုဘဲ နိုင်ငံခြားခရီး သွားများ သွားရောက်လည်ပတ်နိုင်ပြီးတော့ မြို့ပြင်သို့လည်း ခွင့်ပြုချက်တောင်းပြီးတော့ သွားရောက် နိုင်ပါကြောင်းဖော်ပြထားပါတယ်။ ထို့အပြင် ပလက်ဝမြို့နယ်၊ ဆမီးမြို့နယ်ခွဲနှင့် မတူပီမြို့နယ်ခွဲ၊ ရေဇွာ မြို့နယ်ခွဲများသို့လည်း ကြိုတင်ခွင့်ပြုချက်တောင်းခံပြီးတော့ သွားရောက်လည်ပတ်နိုင်တယ်ဆိုတဲ့ အကြောင်း ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ အမိန့်ကြော်ငြာစာများထုတ်ပြန်ပြီးတော့ ကြေညာခဲ့ပြီးဖြစ်

ပါတယ်။ ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့တော့ဖြင့် သဘာဝနယ်မြေများ တစ်နိုင်ငံလုံးမှာ ၃၇ ခုသတ်မှတ်ထားပြီးတော့ ၂၁ ခုကိုတော့ဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများအဖြစ် ကျွန်တော်တို့ သတ်မှတ်ပေးထားပါတယ်။ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအနေဖြင့် ပတ်ဝန်းကျင်အခြေအနေကောင်းများ၊ ဂေဟစနစ်များ၊ သားငှက်တိရစ္ဆာန်များ၊ သစ်တောသစ်ပင်များ၊ ဒေသခံပြည်သူတွေရဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများတို့ကို ကြည့်ရှုနိုင်ရန် ကျွန်တော်တို့စည်းကမ်းနှင့်အညီ ဒီနေရာတွေကို ကျွန်တော်တို့ခွင့်ပြုပေးထားပါတယ်။ သဘာဝကိုအခြေခံတဲ့ ခရီးသွားလုပ်ငန်းများတွင် ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိရေးအတွက်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့်ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ချင်းပြည်နယ်အတွင်းမှာ သဘာဝနယ်မြေ ၂ ခုတည်ထောင်ထားရှိပြီးဖြစ်ပါတယ်။ အဲဒါတွေကတော့ ၂၀၁၀ ခုနှစ်မှာ ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ ၂၇၅.၅ စတုရန်းမိုင်ကျယ်ဝန်းတဲ့ နတ်မတောင်အမျိုးသားဥယာဉ်နဲ့ ယခုနှစ် ဇွန်လကမင်းတပ်ခရိုင်၊ ပလက်ဝမြို့နယ်အတွင်းမှာဖွဲ့စည်းတည်ထောင်ခဲ့သော ၅၀.၄၃ စတုရန်းမိုင် ကျယ်ဝန်းတဲ့ကျောက်ပန်းတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ပဲဖြစ်ပါတယ်။ ဒီဟာတွေနဲ့ ပတ်သက်လို့လည်း ထပ်မံပြီးတော့ ကျွန်တော်တို့ ချင်းပြည်နယ်မှာ ဒီလိုသဘာဝကိုအခြေခံတဲ့ခရီးသွား လုပ်ငန်းများရဲ့ အခြေခံစခန်းများဖြစ်နိုင်မယ့် ရိဒ်ရေကန်၊ ဘွေပါးတောင်နှင့် လိုင်ဗားဒေသမှာရှိတဲ့ ဇိန်မှုတောင်တို့ကိုလည်း တိုးချဲ့တည်ထောင်ဖို့အတွက်ကို ကျွန်တော်တို့ စီစဉ်ဆောင်ရွက်လျက်ရှိပါ တယ်။ ထို့အပြင် သဘာဝတောတောင်လျှိုမြောင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝတဲ့နေရာများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များရှိတဲ့ နေရာများကိုလည်း ထပ်မံပြီးတော့ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းမေးခွန်းရှင်ကို ပြန်လည်ပြီးတော့ ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အဆိုပြုသစ်တောကြိုးဝိုင်းများ၊ ဘေးမဲ့တောများကို ပြန်လည်ပြင်ဆင်သတ်မှတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်း

ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရဲ့ အဆိုပြုသစ်တောကြိုးဝိုင်းများ၊ အဆိုပြုဘေးမဲ့တောများနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံဒေသအသီးသီးမှာ သစ်တောကြိုးဝိုင်းများ၊ ဘေးမဲ့တောများထိန်းသိမ်းနေခြင်းဟာ အင်မတန်ကောင်းမွန်တဲ့ဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်ဖြစ်ပါတယ်။ တိုးချဲ့သတ်မှတ်သင့်တဲ့နေရာတွေကိုလည်း တိုးချဲ့သတ်မှတ်ဖို့လိုပါတယ်။ အဲ့သလို တိုးချဲ့သတ်မှတ်တဲ့နေရာမှာလည်း စိုက်ပျိုးမြေ၊ ရွာမြေတွေနဲ့လွတ်ကင်းတဲ့ဒေသတွေကို သတ်မှတ်ဖို့ ညွှန်ကြားထားမယ်လို့လည်းယုံကြည်ပါတယ်။ သို့ရာတွင် ၂၀၁၀ ပြည့်နှစ် ဟူးကောင်းဘေးမဲ့အဆိုပြုတောသတ်မှတ်တဲ့နေရာမှာ ခန္တီးမြို့နယ်က ကျေးရွာ ၆ ရွာနှင့် စိုက်ပျိုးမြေများ၊ နန်းယွန်းမြို့နယ်က ကျေးရွာ ၅ ရွာနှင့် စိုက်ပျိုးမြေများနှင့် ကချင်ပြည်နယ်၊ ချီဖွေယန်မြို့နယ်ခွဲက ကျေးရွာများနှင့် စိုက်ပျိုးမြေများပါဝင်နေကြောင်းကြားသိနေရပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ ပထမအကြိမ် ကျေးရွာပေါင်း ၁၂၁၃ ရွာ၊ စိုက်ပျိုးမြေပေါင်း ၃၄၅၈၈၉.၁၃ ဧက ကြိုးပြင်တော၊ ကာကွယ်တောများကနေပြီးတော့ ပယ်ဖျက်ပြီးကြောင်းနှင့် ဒုတိယအကြိမ် ထပ်မံပယ်ဖျက်ဖို့စီစဉ်ဆောင်ရွက်နေကြောင်း ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ ပြည်ထောင်စုနေ့စဉ်သတင်းစာမှာ ဖော်ပြပါရှိသည်ကိုတွေ့ရပါတယ်။ အဲ့သလို ပယ်ဖျက်တဲ့နေရာ၊ စိစစ်တဲ့နေရာမှာ ဟူးကောင်းဘေးမဲ့တောပါဝင်ခြင်းရှိ/မရှိနှင့် ကျေးရွာမြေ၊ စိုက်ပျိုးမြေများပါဝင်နေသော သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော၊ အဆိုပြုကြိုးဝိုင်း၊ ဘေးမဲ့တော၊ အဆိုပြုဘေးမဲ့တော့များ၌ ဆက်လက်ပြီးတော့ စိစစ်ပယ်ဖျက်သွားဖို့အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ခန္တီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းရဲ့မေးခွန်းကို

လည်း ကျွန်တော့်အနေနဲ့ဆက်လက်ပြီးတော့ ဖြေဆိုသွားမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ လွှတ်တော် ခန်းမကြီးမှာ ဤကဲ့သို့မေးခွန်းမျိုးကို လွှတ်တော်ခန်းမကြီးများမှာ အကြိမ်ကြိမ် အခါခါဖြေကြားခဲ့တဲ့ အတွက်ကြောင့်မို့ ကျွန်တော်ပြင်ဆင်လာတဲ့အထဲကအချိန်ကို ငဲ့ညှာသောအားဖြင့် နှစ် ၃၀ စီမံကိန်းကို လိုက်နာ ဆောင်ရွက်မှု၊ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင် ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း၊ ဖွဲ့စည်းတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်နဲ့ ဒီလိုဟာတွေကို ကျွန်တော်ထပ်မံတလဲလဲပြောမနေတော့ဘဲနဲ့ အချိန်ကိုငဲ့ညှာသောအားဖြင့် လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးခွန်းကို တိတိကျကျတဲ့တဲ့ပဲ ဖြေကြား ရမယ်ဆိုလို့ရှိရင် ဒီကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေကိုတော့ စနစ်တကျသတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နှစ်ပေါင်းမြောက်မြားစွာအချိန်ကိုယူပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီအခုတင်ပြတဲ့ကိစ္စမှာလည်း လွှတ်တော်ကိုယ်စားလှယ်မေးခွန်းမှာဖော်ပြပါရှိတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင် ၊ခန္တီးမြို့နယ်အထက်ချင်းတွင်းအနောက်ဘက်ကမ်း နန့်ပုတ်ချောင်း နှင့် ချင်းတွင်းမြစ်အရှေ့ဘက်ကမ်း ပဒူမုန်းချောင်းတို့ရဲ့ အထက်ပိုင်းနယ်မြေများပါဝင်သောဧရိယာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရဲ့ ၂၀၀၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ် (၇/၂၀၀၄) နဲ့ ဟူးကောင်းချိုင့်ဝှမ်းတိုးချဲ့ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် သတ်မှတ်ရန်ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးတော့ ရည်ရွယ် ကြောင်းကြေညာခဲ့ပါတယ်။ အဲ့ဒီနောက် အဆိုပြုနယ်မြေမှာပါဝင်တဲ့ ကချင်ပြည်နယ်အပိုင်းမှ တနိုင်းမြို့နယ်၊ ဖားကန့်၊ မိုးကောင်းမြို့နယ်၊ စစ်ကိုင်းတိုင်းမှ နန်းယွန်းနှင့် လဟယ်၊ ခန္တီးမြို့နယ် စသည်ဖြင့် ဒီလိုမြို့နယ်တွေကို ပဏာမစိစစ်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ပဏာမစိစစ်ရေးအဖွဲ့များမှာ သက်ဆိုင်ရာမြို့နယ်မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးက တာဝန်ယူ ပြီးတော့ ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ဒီပဏာမစိစစ်ရေးအဖွဲ့များအနေဖြင့် လုပ်ထုံးလုပ်နည်း များနှင့်အညီ အဆင့်ဆင့်စိစစ်ခဲ့ပြီးတော့ ၂၀၁၀ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှာကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၁၅/၂၀၁၀ ကနေပြီးတော့ သဘောတူ ဆုံးဖြတ်ချက်အရ ကျွန်တော်တို့ ဝန်ကြီးဌာနကထပ်မံပြီးတော့ ဟူးကောင်းချိုင့်ဝှမ်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ်တိုးချဲ့သတ်မှတ်ခဲ့ပါတယ်။ အဲ့ဒီလို ဟူးကောင်းချိုင့်ဝှမ်းတိရစ္ဆာန်ဘေးမဲ့တော သတ်မှတ်ရာတွင် ခန္တီးမြို့နယ်မှ တိုက်တီး၊ ကဲဆန်ကျမ်းဒုံး၊ နန်းဖာ၊ ပဒူးမုန်း၊ ပဒူးမုန်းရွာသစ်၊ ဖောင်းဆိုင်ရွာမနှင့် ဖောင်းဆိုင်ရွာသစ်ဆိုပြီးတော့ ကျေးရွာ ၇ ရွာမှတောင်သူ ၃၀၈ ဦး၏ တောင်းဆိုချက်၊ လျှောက်ထားချက်များကို ပဏာမစိစစ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးချက်အရ

ဆိုင်ရာဆိုင်ခွင့်များနှင့် အခွင့်အရေးများအဖြစ် စိုက်ပျိုးမြေ ၁၂၂၀.၂၅ ဧက၊ စားကျက်ချခွင့်နှင့် ကျွဲ၊ နွား၊ တိရစ္ဆာန် ၂၇၅ ကောင်၊ ရွာမြေအားဖြင့် ၈၄ ဧက၊ အများပိုင်စားကျက် မြေ ၃၇.၂၅ ဧကတို့ကို ချန်လှပ်ကွက်များအဖြစ် ခွင့်ပြုချန်လှပ်ပေးခဲ့ပါတယ်။ ထို့အတူ ပဏာမစိစစ်ရေး အဖွဲ့ရဲ့ကွင်းဆင်း စစ်ဆေးချက်များအရပဲ နန်းယွန်းမြို့နယ်နဲ့ပတ်သက်လို့တင်ပြရမယ်ဆိုရင်ကျေးရွာ၊ ရပ်ကွက် ၁၃ ခု တို့မှတောင်သူ ၆၃၇ ဦးတို့ကို ဆိုင်ရာဆိုင်ခွင့်များပေးခဲ့ပါတယ်။ စိုက်ပျိုးမြေအားဖြင့် ၁၅၈၀၈.၅ ဧက ကိုလည်းပဲ ခွင့်ပြုခဲ့ပါတယ်။ စားကျက်ချခွင့် ကျွဲ၊ နွားအကောင်ရေ ၁၉၄၆ ကောင်၊ ရွာမြေ ၁၁၀၄၀ ဧက၊ အများပိုင်စားကျက်မြေ ၂၁၄ ဧကတို့ကိုလည်းပဲ အလားတူချန်လှပ်ပြီးတော့ ခွင့်ပြုပေးခဲ့ပါတယ်။ ဟူးကောင်းချိုင့်ဝှမ်းတိရစ္ဆာန်ဘေးမဲ့တော သတ်မှတ်ဖွဲ့စည်းစဉ်က ချန်လှပ်ရမယ့်ဆိုင်ရာဆိုင်ခွင့် အခွင့်အရေးများနှင့်ပတ်သက်ပြီးတော့ ၂၀၀၄ ခုနှစ်မှာ ရည်ရွယ်ကြောင်းကြေညာပြီး တော့ ၂၀၀၉ ခုနှစ်မှာ သူတို့ရဲ့လုပ်ငန်းများကိုအဆုံးသတ်နိုင်ခဲ့ပါတယ်။ ဒါကိုကြည့်မယ်ဆိုလို့ရှိရင် ပဏာမစိစစ်ရေး အဖွဲ့များအနေနဲ့ ကွင်းဆင်းစာရင်းကောက်ယူခြင်း၊ ဒေသခံပြည်သူများရဲ့ လျှောက်ထားချက်များ အပေါ်စိစစ်ခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စနစ်တကျ ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကြိုဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝနယ်မြေများဖွဲ့စည်း သတ်မှတ်စဉ်က နယ်မြေဒေသအလိုက် လုံခြုံရေးအခြေအနေအရ မြေအသုံးချမှုများ စာရင်းတွင်မပါ ဝင်ဘဲနဲ့ ကျန်ရှိခဲ့တာများလည်းရှိနိုင်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ထပ်မံဝင်ရောက်ပြီးတော့ အခြေချလုပ်ကိုင်တဲ့ အစီအစဉ်များလည်းရှိနိုင်ပါတယ်။ နှစ်ကာလကြာမြင့်လာတဲ့ အတွက်ကြောင့် လူဦးရေးတိုးပွားလာခြင်း၊ အိမ်ခြေနှင့် စိုက်ပျိုးမြေများတိုးပွားလာနိုင်ခြင်းတို့ကြောင့် ပြည်သူများရဲ့ အသုံးပြုမြေများ၊ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝနယ်မြေများအတွင်းမှာ ကျရောက် ပါဝင်နေမှုများလည်းရှိနိုင်ပါတယ်။ ယင်းသို့ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်နေမှုများကို တည်ဆဲဥပဒေ အရ အရေးယူရန်ဖြစ်သော်လည်းပဲ ဒေသခံပြည်သူများဘဝရှင်သန်ရပ်တည်နိုင်ရေးကို ငဲ့ညှာပြီးတော့ ကျွန်တော်တို့ဌာနအနေဖြင့် ယခုအချိန်အထိ ထိုကဲ့သို့အရေးယူဆောင်ရွက်ခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။ ယခုအခါမှာ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသွားတဲ့အထဲမှာ ပါတဲ့အတိုင်းပဲ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောအတွင်းမှာ အချိန်ကာလအတိုင်းအတာ တစ်ခုအထိရောက်ရှိပြီးသား ဒေသခံပြည်သူများရဲ့နေထိုင်လုပ်ကိုင်စားသောက်နိုင်ခွင့်များကို ခွင့်ပြု ပေးလျက်ရှိရာမှာ ဒါပထမအနေနဲ့ ပြည်ထဲရေးအမည်ပေါက်ကျေးရွာများကိုတော့ ဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ အခု ဆက်လက်ပြီးတော့လည်း ပြည်ထဲရေးအမည်မပေါက်တဲ့ အိမ်ခြေ ၅၀ နဲ့အထက်

ကျေးရွာ ၃၉၁ ရွာ၊ ရွာမြေ၊ လယ်မြေ၊ သာသနာ့မြေနှင့် အများပိုင်မြေ ၉၁၆၆၀.၆၁ ဧက၊ အိမ်ခြေ ၅၀ နဲ့ အောက်ပြန့်ကျဲနေထိုင်သော အိမ်စု၊ ရွာစု ၅၁၄၁ ရွာ၊ လယ်မြေ၊ ရွာမြေ၊ သာသနာ့မြေနှင့် အများပိုင်မြေ ၂၈၇၁၃၈.၈ ဧကကိုလည်း မူလသတ်မှတ်ထားတဲ့လုပ်ငန်းစဉ်များအတိုင်း စည်းမျဉ်း၊ စည်းကမ်းများ အတိုင်းလိုက်နာပြီးတော့ အလားတူပဲဆက်လက်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်မည့်အကြောင်းလည်းပဲ ဇွန်လ ၁၄ ရက်နေ့ နေ့စဉ်ထုတ်သတင်းစာများနှင့် ဇူလိုင်လ ၁၃ ရက်နေ့ထုတ်သတင်းစာများမှာလည်း ပြည်သူလူထုကို တရားဝင်အသိပေးကြေညာပြီးဖြစ်ပါတယ်။ သို့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဟူးကောင်းတိုးချဲ့တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအပါအဝင် တစ်တိုင်းတစ်ပြည်လုံးအတိုင်းအတာနဲ့ဆောင်ရွက်မှာဖြစ်လို့ ဒီဧရိယာလည်း ပါနိုင်ပါတယ်။ ပါနိုင်ပါတယ်မဟုတ်ပါဘူး။ ပါပါတယ်ဆိုတဲ့အကြောင်းဖြေကြားပါတယ်။ အလားတူပဲ ထပ်မံပြီးတော့ နှစ် ၃၀ စီမံကိန်းရည်မှန်းချက်များနှင့်အညီ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝနယ်မြေများကို တိုးချဲ့ဖွဲ့စည်းသွားတဲ့အခါမှာလည်းပဲ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပေါ်မှာ အခြေခံပြီးတော့ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် ဒေသခံပြည်သူများရဲ့ သဘော ထားနဲ့ တင်ပြတောင်းဆိုချက်များကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျေးရွာမြေ၊ လယ်ယာသီးနှံစိုက်ပျိုးမြေ၊ အများပိုင်မြေနှင့် သာသနာ့မြေများကိုလည်း ထည့်သွင်းခြင်း မပြုဘဲနဲ့ ချန်လှပ်ခြင်းအားဖြင့် ဒေသခံပြည်သူတို့ရဲ့အခွင့်အရေးများမနစ်နာစေရေး၊ မလိုလားအပ်တဲ့ ပြဿနာ များမဖြစ်ပေါ်စေရေးတို့အတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ ရှင်းလင်းချက်မှာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်တဲ့အခါမှာ ဒေသခံပြည်သူများ၊ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အကျိုးစီးပွားကို အဓိက ထားပြီး ဒီနေ့ပြောနေတဲ့ EIA, SIA များကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးမယ်ဆိုတဲ့အတွက် မေးခွန်းမေးတဲ့ ဦးလှထွန်းတို့ ဒီမေးခွန်းအပေါ်ပြန်လည်ဖြေကြားမှုကို သဘောပေါက်မယ်လို့ယူဆပါ တယ်။ ဒီအတိုင်းပဲ ဒီလိုမေးလိုတဲ့မေးခွန်းရှင်များလည်း လွှတ်တော်ထဲမှာ တော်တော်များများရှိနေတယ် ဆိုတာလည်းသိရပါတယ်။ အခုလို ဝန်ကြီးရှင်းပြလိုက်တဲ့အတွက် အကြိမ်ကြိမ်လည်းရှင်းပြပြီးပြီ။ ဒီနေ့ ရဲ့ရှင်းပြချက်ကတော့ ဥပဒေ၊ နည်းဥပဒေတွေရှိသော်လည်း နိုင်ငံနှင့် နိုင်ငံသားအကျိုးစီးပွားအတွက်၊ ဒေသခံပြည်သူများရဲ့အကျိုးစီးပွားအတွက် EIA, SIA များပါ ထည့်သွင်းစဉ်းစားပြီးဆောင်ရွက် ပေးမယ်

ဆိုတဲ့အဖြေဟာ အင်မတန်ကောင်းမွန်တဲ့အဖြေဖြစ်ပါတယ်။ ဒီအတိုင်းပဲ လက်တွေ့ကျကျဆောင်ရွက်ပေးဖို့လည်း မိမိတို့လွှတ်တော်ကလိုလားပါကြောင်းပြောကြားလိုပါတယ်။

**ချင်းပြည်နယ်၏ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးအတွက်ဆောင်ရွက်ပေးခဲ့သည့် စာရင်းဇယားများနှင့် ကုန်ကျစရိတ်များကို ထင်သာမြင်သာရှိအောင်ထုတ်ပြန်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်းဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တင်ပြမေးမြန်းချင်တဲ့ မေးခွန်းကတော့ ကျွန်တော်တို့ရဲ့နိုင်ငံဟာ ဆင်းရဲမွဲတေမှုအမြင့်ဆုံးနိုင်ငံထဲမှာ စာရင်းဝင်သွားပြီးတဲ့နောက် ဒီနိုင်ငံထဲမှာရှိတဲ့ တိုင်းနှင့် ပြည်နယ် ၁၄ ခုထဲမှာ ချင်းပြည်နယ်ဟာ ဆင်းရဲနွမ်းပါးမှုအနိမ့်ဆုံးဖြစ်ပါတယ်ဆိုတာ အမြင့်ဆုံးပေါ့ဗျာ။ ဆင်းရဲနွမ်းပါးမှုသိပ်ကြီးကျယ်တယ်ဆိုတဲ့သဘောဖြစ်မယ်ထင်ပါတယ်။ အဲ့ဒါကြောင့် ချင်းပြည်နယ်ကို နိုင်ငံတော်အနေနဲ့ထောက်ပံ့ပံ့ပိုးကူညီခဲ့တဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့ရန်အတွက် လုပ်ဆောင်ပေးခဲ့တဲ့ဟာတွေကို ကျွန်တော့် မဲဆန္ဒနယ်ရောက်ရှိသွားတဲ့အခါမှာ ပြည်သူလူထုက လုံးဝမသိပါဘူးခင်ဗျား။ အစိုးရကဘာတွေလုပ်ပေးလို့၊ ဘယ်နေရာမှာထောက်ပံ့ကြေးပေးလို့ ဘယ်လိုထောက်ပံ့ကြေးမျိုးဟာဆိုရင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက်ပေးတဲ့ ထောက်ပံ့ကြေးဖြစ်ပါတယ်ဆိုတာကို ဘယ်သူကမှမပြောပြခဲ့ဖူးပါဘူး။ ကျောင်းကလေးဆောက်လုပ်ဖို့ရန်အတွက်သော်လည်းကောင်း၊ လမ်းဖောက်လုပ်ဖို့အတွက်သော်လည်းကောင်း ရရှိလာတဲ့ရန်ပုံငွေဟာ ဘယ်ကရန်ပုံငွေလဲဆိုတာ သူတို့မသိပါဘူး။ အဲ့ဒီလောက်အထိကို သူတို့ရဲ့နားမျက်စိကို ပိတ်ထားတယ်လို့ဘဲ ကျွန်တော်ဆိုချင်ပါတယ်။ ဘယ်လိုကပေးလို့ ဘယ်လိုရရှိသလဲဆိုတာကို သူတို့သိသင့်တယ်လို့ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့ဆီမှာ တင်ပြတဲ့အခါမှာလည်းပဲ ကျွန်တော်တို့ကိုယ်တိုင်ကလည်းမသိပါဘူး။ ဘာကြောင့်လဲဆိုတော့ ပြည်နယ်အစိုးရနှင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ကြားထဲမှာ ဆက်သွယ်မှုဆိုတာ ပိတ်ထားသလားမသိပါဘူး။ ဖြတ်တောက်ထား၊ အမှောင်ချထားသလား။ ဘယ်လိုအကြောင်းကြောင့်လဲဆိုတာ ကျွန်တော်လည်း သဘောမပေါက်ပါဘူး။ အဲ့ဒါကြောင့်မို့လို့ ဒီနေ့ကျွန်တော်မေးချင်တာကတော့ ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအတွက်ပေးထားတဲ့ ရန်ပုံငွေတွေက ကျွန်တော်တို့ဆီမှာ ဘယ်လိုသုံးပြီးတော့ ဘယ်နေရာမှာသုံးပြီးတော့ ဘယ်မြို့နယ်က ဘယ်လောက်ရစေဆိုပြီးတော့ အခြေအနေကဘယ်လိုရှိလဲဆိုတာမေးမြန်းဖို့ ကျွန်တော်

တို့ သိခွင့်ရလို့ရှိရင် ပိုပြီးတော့များ ပြည်သူလူထုအနေနဲ့အားရှိပြီးတော့ နိုင်ငံတော်မှာ နိုင်ငံတော်က နေပြီးတော့ ငါတို့ကိုလစ်လျူရှုမထားဘူး။ ငါ့တို့အတွက် ဒါတွေ ဒါတွေလုပ်ပေးနေပါတယ်ဆိုတာကို သူတို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာစွာ ကြွေးကြော်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်တဲ့အတွက်ကြောင့် ဒီမေးခွန်းလေးကို အဖြေပေးနိုင်ဖို့ရန်အတွက် ရိုသေလေးစား အပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးအတွက် ယနေ့အထိ အစိုးရမှ ဆောင်ရွက်ပေးခဲ့သည့် စာရင်းဇယားများနှင့် ကုန်ကျစရိတ်အရပ်ရပ်ကို ထင်သာမြင်သာရှိအောင် ထုတ်ပြန်ပေးနိုင်ပါသလား။ ဥပမာအားဖြင့် လမ်းဖောက်လုပ်ရေးအတွက် မည်မျှသုံးတယ်။ တယ်လီဖုန်း တာဝါတိုင်တွေအတွက် ဘယ်လိုသုံးတယ်။ တီဗွီ၊ စွမ်းအင်စသည်ဖြင့်ပေါ့ဗျာ။ လိုအပ်တဲ့နေရာတွေမှာ ဘယ်လိုသုံးသလဲဆိုတာကို ကျွန်တော်တို့သိရှိခွင့် ရှိပါသလား။ ထင်သာမြင်သာရှိအောင် ထုတ်ပြန်ပေး နိုင်ခြင်းရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ချင်းပြည်နယ်၊ ဖလမ်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်းရဲ့မေးခွန်းကို ကျွန်တော့်အနေနဲ့ ပြန်လည် ပြီးတော့ ဖြည်းဖြည်းချင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီ ချင်းပြည်နယ်အတွင်းမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက်လုပ်ငန်းများကို ပြည်ထောင်စုအစိုးရကိုယ်စား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ကူညီပြီးတော့ပံ့ပိုးဆောင်ရွက်ပေး လျက်ရှိပါတယ်။ ထို့အတူ ချင်းပြည်နယ်အစိုးရအဖွဲ့ကလည်း ကျွန်တော်တို့နှင့်အတူ ပူးပေါင်းပြီးတော့ ဒီလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းများထဲကဆောင်ရွက်ပေးခဲ့တဲ့ အချို့အစိတ် အပိုင်းများကိုတင်ပြရမယ်ဆိုရင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ လက်ရှိကာလအထိ ကျန်းမာရေးကဏ္ဍအတွက် ငွေကျပ် ၁၅၃၂.၆၁ သိန်း၊ ပညာရေးကဏ္ဍအတွက် ငွေကျပ် ၅၉၀၂.၅၃ သိန်း၊ ရေအားလျှပ်စစ်မီးရရှိရေးအတွက် ၁၃၁၅ သိန်း၊ သောက်သုံးရေရရှိရေးအတွက် ၄၇၉ သိန်း၊ စိုက်ပျိုးရေရရှိရေးအတွက် ၂၆၆ သိန်း၊ လမ်းတံတားနှင့် အဆောက်အဦများပြုပြင်ဆောက်လုပ်ခြင်းအတွက် ငွေကျပ် ၉၄၄.၂ သိန်း၊ ပြန်ကြားရေး စာကြည့် တိုက်နှင့် တယ်လီဗွီရှင်းများပေးအပ်လှူဒါန်းခြင်းအတွက် ၈၂.၃၆ သိန်း၊ ဘာသာရေးနှင့် သာသနာရေး

အတွက် ငွေကျပ် ၂၀၃.၅၇ သိန်း၊ အားကစားကဏ္ဍအတွက် ငွေကျပ်သိန်း ၁၂၀၊ မီးသတ်ကားနှင့် သမဝါယမရုံးပြုပြင်ခြင်းအတွက် ငွေကျပ် ၃၅ သိန်း၊ ကျေးရွာချင်းဆက်လမ်း ၃၉၇ မိုင် ၅ ဖာလုံ ဖောက်လုပ်ရန်အတွက် ဒီဇယ်ဆီ ၁၇၉၄၆၄ ဂါလန်အသုံးပြုပြီးတော့ ယာဉ်၊ ယန္တရားကြီးများအသုံးပြု ဆောင်ရွက်ခြင်းအတွက် ငွေကျပ် ၂၁၅၄၈.၀၉ သိန်း၊ ဟားခါးမြို့တွင် အဆင့်မြင့်ပြည်ထောင်စု ရိပ်သာဆောက်လုပ်ခြင်းအတွက် ငွေကျပ်သိန်း ၁၆၀၀၀၊ ရိဒ်ခေါဒါရ်မြို့နယ်ခွဲမှာရှိတဲ့ ရိဒ်ရေကန်မှာ အဆင့်မြင့်ရိပ်သာတစ်လုံးဆောက်လုပ်ခြင်းအတွက် ငွေကျပ် ၆၂၅၀.၅၇ သိန်း အသီးသီးပံ့ပိုးပေးခဲ့ ပါတယ်။ အားလုံးကို စုပေါင်းပြီးတော့တွက်ကြည့်လိုက်မယ်ဆိုရင်တော့ စုစုပေါင်း ကျပ်သိန်းပေါင်း ၅၄၆၇၈.၉၄ သိန်းအထိပံ့ပိုးပေးခဲ့ပါတယ်။ ဒါ့အပြင် ပိုးစာပင်စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အမေရိကန်ဒေါ်လာ ၆၉၄၆၀ တန်ဖိုးနဲ့ညီမျှသော အပင်နှင့် ပံ့ပိုးကိရိယာများကိုလည်း ထပ်မံပြီးတော့ ပံ့ပိုးပေးခဲ့ပါတယ်။

ထို့အပြင် ချင်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ပြည်နယ်လူထုရဲ့တင်ပြချက်၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ် ဒါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြချက်ဖြစ်မှာပါ။ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များအရ သက်ဆိုင်ရာ အင်ဂျင်နီယာများ၊ ကျွမ်းကျင်သူများနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများကစိစစ်ပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကျပ်သိန်း ပေါင်း ၁၀၀၀၀ အသုံးပြုခဲ့ပါတယ်။ ထို့အတူ လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ်သိန်းပေါင်း ၂၀၀၀၀ ကိုလည်းပဲ ကဏ္ဍအလိုက်ခွဲဝေထောက်ပံ့ပေးခဲ့ပါတယ်။ လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် ရန်ပုံငွေ သုံးစွဲမှုကိုတော့ဖြင့် ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများက ကြပ်မတ် ဆောင်ရွက်ခဲ့ကြပါတယ်။

ချင်းပြည်နယ်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကဏ္ဍမှာအသုံးပြုတဲ့ငွေများကတော့ဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက်ငွေကျပ် ၁၇၄၆.၂၀ သိန်း၊ ပညာရေးကဏ္ဍအတွက် သိန်း ၂၀၀၀၊ ကျန်းမာရေးကဏ္ဍအတွက် သိန်း ၁၀၀၀၊ လမ်းပန်း ဆက်သွယ်ရေးအတွက် ငွေကျပ်သိန်း ၁၂၀၀၊ ကျေးလက်စွမ်းအင်အတွက် ငွေကျပ်သိန်း ၁၃၀၀၊ လူနေမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၂၇၅၃.၈ သိန်း၊ စုစုပေါင်းကျပ်ငွေသိန်းပေါင်း ၁၀၀၀၀ ကို သုံးစွဲခဲ့ပါတယ်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်းပဲ စိုက်ပျိုးရေးကဏ္ဍမှာ ငွေကျပ်သိန်း ၂၅၅၀၊ ပညာရေးကဏ္ဍအတွက် ငွေကျပ်သိန်း ၄၉၄၀၊ ကျန်းမာရေးကဏ္ဍအတွက် ငွေကျပ်သိန်း ၄၀၀၀၊

လမ်းပန်းဆက်သွယ်ရေးကဏ္ဍအတွက် ငွေကျပ် ၂၉၅၂ သိန်း၊ ကျေးလက်စွမ်းအင်အတွက် ငွေကျပ်သိန်း ၁၇၅၀၊ လူမှုစီးပွား(ယဉ်ကျေးမှု အားကစား၊ မီးသတ်၊ သောက်သုံးရေရရှိရေး)စသည်ဖြင့် ဒီကဏ္ဍအတွက် ငွေကျပ် ၃၈၀၈ သိန်း၊ စုစုပေါင်းကျပ်သိန်း ၂၀၀၀၀ ကိုလည်းပဲ ခုနဖော်ပြပါ ကျပ်သိန်း ၂၀၀၀၀ ကိုအသုံးပြုခဲ့ပါတယ်။ ထို့ကြောင့် ချင်းပြည်နယ်အတွင်းမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့ကထောက်ပံ့ပေးခဲ့သည့် ငွေကြေးနှစ်ရပ်စုစုပေါင်းမည်ဆိုပါက ငွေကျပ် ၈.၄၆၇၈ ဘီလီယံဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ထိုသို့ ချင်းပြည်နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အတွက် ထောက်ပံ့ပေးအပ်မှုများနှင့်ပတ်သက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်သည် ပုံမှန် ကျင်းပပြုလုပ်သော ပြည်နယ်လွှတ်တော် အစည်းအဝေးများ၌ လုပ်ငန်းအမျိုးအစားနှင့် သုံးစွဲငွေ စာရင်းကို ရှင်းလင်းတင်ပြခြင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏မဲဆန္ဒနယ်မြေ အတွင်း မဲဆန္ဒရှင်ပြည်သူများအား ပြန်လည်ရှင်းလင်းအသိပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ်အလိုက် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းနှင့် သုံးစွဲငွေစာရင်းများကို မြို့နယ်အလိုက်၊ ပြည်နယ်အလိုက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များသို့ဖြန့်ဝေပေးခြင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးချုပ်နှင့်ဝန်ကြီး များက ပြည်နယ်အတွင်း ကွင်းဆင်းတဲ့အခါတိုင်းမှာ ပြည်သူနဲ့တွေ့ဆုံပွဲများ၌ သက်ဆိုင်ရာမြို့နယ်များ အလိုက်ခွဲဝေချထားပေးသော အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေများ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေများကို ရှင်းလင်းအသိ ပေးခြင်း၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများက ခွဲဝေချထားပေးသော ရန်ပုံငွေဖြင့် အကောင်အထည်ဖော်နေသည့်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးစဉ် သက်ဆိုင်ရာ ကျေးရွာမှ လုပ်ငန်းကော်မတီနှင့် ကျေးရွာသားများကို လုပ်ငန်းငွေစာရင်းများနှင့်ပတ်သက်၍ ရှင်းလင်းအသိပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ သော ချင်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို အထက်ပါ ကျေးလက်ဒေသဖွံ့ဖြိုးရေး နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးထောက်ပံ့ငွေနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးထောက်ပံ့ငွေတို့ကို မြို့နယ် များတွင် ကဏ္ဍအလိုက်ခွဲဝေချထားပေးသောရန်ပုံငွေဖြင့် ပြည်နယ်အတွင်းမှာ လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အစီရင်ခံစာပြုစု၍ ဒီလွှတ်တော်အစည်းအဝေး

ကိုလည်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာလည်း ချင်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုရန်ပုံငွေကျပ်သိန်းပေါင်း ၁၀၀၀၀ နဲ့ ပတ်သက်လို့လည်း ချင်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များနှင့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပြည်သူလူထုထံကို ဒီနှစ်မှာဆောင်ရွက်မည့်အကြောင်းများ ကိုလည်းအသိပေးပြီးဖြစ်ပါကြောင်း ပြန်လည်ပြီးတော့ ရှင်းလင်းတင်ပြအပ်ပါတယ်။ သီးခြားအစီအစဉ် နဲ့တော့ဖြင့် အသုံးပြုပြီးငွေစာရင်းများကိုထုတ်ပြန်ကြေညာရန် အစီအစဉ်မရှိပါကြောင်း ပြန်လည် ပြီးတော့ ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ ရှင်းလင်းတင်ပြချက်အရ ဘတ်ဂျက်က အကြမ်းဖျင်း ၅.၄ ဘီလီယံလောက်ရှိတယ်လို့ ကြားလိုက်ရပါတယ်။ ဘတ်ဂျက်ပြင်ပက ၈.၆ ဘီလီယံဆိုတဲ့အတွက် စုစုပေါင်း ၁၄ ဘီလီယံလောက်ရှိပါတယ်။ ကျပ်သိန်းပေါင်း ၁၀၀၀၀ ဖြစ်တဲ့အတွက် ၁ ဘီလီယံ ဖြစ်ပါ တယ်။ ငွေသုံးစွဲမှုတွေဟာလည်း ဒီဘက် အစိုးရသစ်လက်ထက်မှာ သုံးတဲ့သုံးစွဲမှုတွေလို့ပဲ ယူဆပါ တယ်။ ဒါကြောင့်မို့လို့ ယခင်ထက်စာလို့ရှိရင်တော့ ချင်းပြည်နယ်မှာ အစိုးရသစ်လက်ထက်မှာ ပိုမို သုံးစွဲခဲ့တယ်ဆိုတာတင်ပြချက်အရ လက်တွေ့မြေပြင်အရ သိရှိရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ချင်းပြည်နယ်ဟာ မြန်မာနိုင်ငံမှာ အဆင်းရဲဆုံးပြည်နယ်တစ်ခုဖြစ်တယ်ဆိုတဲ့ဟာကတော့ ဒီနေ့ရရှိထား တဲ့ သတင်းအချက်အလက်တွေပေါ်မှာ တွက်ချက်ပြီးဖော်ပြတယ်လို့ပဲ ယူဆရမှာ ဖြစ်ပါတယ်။ မှန်ခြင်း/ မမှန်ခြင်းနှင့် ချင်းပြည်နယ်ရဲ့အနေအထား၊ မိမိရောက်ဖူးသမျှပြောမယ်ဆိုရင် ချင်းပြည်နယ်မှာ လမ်းပန်း ဆက်သွယ်ရေးခက်ခဲမှုကလွဲလို့ ချင်းပြည်နယ်ရဲ့အနေအထားက စားဝတ်နေရေး၊ လူမှုရေး ဟာ သိပ်နိမ့်ကျတဲ့သဘောမတွေ့ရပါဘူး။ လက်တွေ့မြေပြင်မှာပါ။ ချင်းပြည်နယ်မှာ တည်ဆောက်ထား တဲ့ အိမ်အဆောက်အဦတွေ၊ ချင်းပြည်နယ်မှာ ဖွင့်လှစ်ပေးထားတဲ့ အခြားကျောင်းတို့၊ ဆေးရုံတို့ နှင့်ပတ်သက်လို့ အနေအထားတွေဟာ တခြားတိုင်း/ပြည်နယ်နှင့်စာရင် နိမ့်ကျနောက်မှုမရှိဘူးလို့ တောင် ပြောလို့ရပါတယ်။ တချို့ထက်သာတယ်လို့တောင် ပြောလို့ရပါတယ်။ သို့ရာတွင် လမ်းပန်း ဆက်သွယ်ရေးကတော့ မှန်ပါတယ်။ ချင်းပြည်နယ်မှာ အင်မတန်မှ နောက်ကျနေတာ အမှန်ပါပဲ။ ဒီလိုအခြေအနေမှာ ချင်းပြည်နယ်ဘာကြောင့် တည်ငြိမ်အေးချမ်းပြီးတော့ အခုလို နေထိုင်တဲ့နေရာမှာ အဆင်ပြေလည်းဆိုရင် ချင်းပြည်နယ်မှာ လက်နက်ကိုင်ပဋိပက္ခမရှိတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချိန်မှာလည်း ပြန်လည်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များကတစ်ဆင့် တင်ပြချင်တာကမရှိသေးတဲ့ မရှိသေးသော လက်နက်ကိုင်ပဋိပက္ခများကို မိမိတို့ ပြည်နယ်အတွင်းကို

သယ်ဆောင်လာမှုမဖြစ်ရေးအတွက်လည်း မိမိတို့အားလုံးသတိပြုဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်ပြန်ချုပ်ပြီး တင်ပြရမယ်ဆိုရင် ချင်းပြည်နယ်ဟာ မြန်မာနိုင်ငံမှာ အဆင်းရဲဆုံးသော ပြည်နယ်တစ်ခုလို့ဆိုသော်လည်း ကျွန်တော်လက်တွေ့ရောက်ဖူးတဲ့အခြေအနေအရ ချင်းပြည်နယ် ထက်ပိုပြီးတော့ဆိုးရွားတဲ့ တိုင်းဒေသတွေရှိတဲ့အတွက် ချင်းပြည်နယ်ဟာ လက်တွေ့မှာတော့ အဆင်းရဲဆုံးနယ်မြေတစ်ခု မဟုတ်ဘူးလို့ဒီလိုပဲ ပြောချင်ပါတယ်။ မှန်ခြင်း/မမှန်ခြင်းကတော့ ခုနက ကိန်းဂဏန်းအရ ပြောထားတဲ့အတွက် ဒီကိစ္စကို အငြင်းမပွားလိုပါဘူး။ ဒီနေ့ တခြားတိုင်း/ ပြည်နယ်ကို သွားကြည့်ပါ။ ချင်းပြည်နယ်ထက်ပိုပြီးတော့ ဆင်းရဲမှု၊ ဒုက္ခရောက်မှုများစွာပင်ရှိပါတယ်။ ဒါကြောင့်မို့လို့ ချင်းပြည်နယ်သူ ပြည်နယ်သားတွေအနေနဲ့ မိမိတို့ကတော့ အဆင်းရဲဆုံးပဲ ပြည်ထောင်စုအစိုးရက ပစ်ထားတယ်ဆိုတဲ့ အနေအထားမျိုးဆိုရင်တော့ မဟုတ်သေးဘူးလို့ပဲ ဒီလို ပြောချင်ပါတယ်။ ဟုတ်တယ်လို့ ယူဆတယ်ဆိုရင်လည်း ဒီအစိုးရလက်ထက်မှာ နိမ့်ကျမှုနောက်ကျမှု မကျန်ရအောင် ဆက်လက်ဆောင်ရွက်ပေးဖို့ လွှတ်တော်ကိုယ်စားလှယ်တွေမှာ တာဝန်ရှိသလို အစိုးရဘက်ကလည်း ဆောင်ရွက်ပေးမယ်လို့ပဲ ဒီလိုယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ရှင်းလင်း ပြောကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့လည်း ချင်းပြည်နယ်ကို မိမိ တာဝန်ယူထားတယ်ဆိုလို့ရှိရင် ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တတ်အားသမျှ ဆက်လက်ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**

။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိန်းဂဏန်းလေး အမှတ်မှားမှာစိုးလို့ တင်ပြချင်ပါတယ်။ ပြည်ထောင်စု ဝန်ကြီးဌာနအနေနဲ့ ကူညီပေးတာကတော့ ၅.၄ ဘီလီယံဖြစ်ပြီးတော့ ပြည်နယ်အစိုးရ ဆောင်ရွက်တာ ကတော့ စုစုပေါင်း ၃ ဘီလီယံဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ၈.၄ ဘီလီယံဖြစ်ပါကြောင်း ပြန်လည်ပြီးတော့ ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော ဆက်သွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ အစီအစဉ် ၆ မသွားခင် ခုန ပိုးစာပင်ကိစ္စနှင့်ပတ်သက်လို့ ပြည်ထောင်စုဝန်ကြီးပြောကြား ရှင်းလင်းသွားတာရှိပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဂျပန်ပြည်သွား

ရောက်တဲ့ခရီးစဉ်မှာ ကရင်ပြည်နယ်၊ ချင်းပြည်နယ်က ပိုးစာပင်စိုက်ပျိုးရေးနှင့် ပိုးစာလုပ်ငန်းထွန်းကားရေးအတွက် ညှိနှိုင်းခဲ့တာလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအစီအစဉ်နှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးအနေနဲ့လည်း သိတယ်ဆိုလို့ရှိရင်လည်း အဲ့ဒါကို ဆက်လက်ပြီးတော့ ဝန်ကြီးဌာနဘက်က ဆောင်ရွက်ပေးဖို့နဲ့ မသိဘူးဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ဂျပန်ပြည်ကို သွားရောက်ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်နှင့် ညှိနှိုင်းပြီး ဆောင်ရွက်ပေးဖို့လည်း ကျွန်တော်တို့ဘက်က လိုလားပါတယ်။ ဒါလေးလည်း ဝန်ကြီးအနေနဲ့ မှတ်သားထားပြီးတဲ့အခါမှာ ချင်းပြည်နယ်ကိစ္စအတွက် အထူးကိစ္စစဉ်းစားပေးဖို့ ပြောကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပေးပို့လာသော ဆက်သွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပေးပို့လာတဲ့ ဆက်သွယ်ရေးဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ဆက်သွယ်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၇-၂-၂၀၁၃ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂-၇-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပါသည်။

၂။ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အမျိုးသားလွှတ်တော်က ပေးပို့လာပါသည်။

၃။ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအလို့ငှာ ဆက်သွယ်ရေးဥပဒေကြမ်းကို နိုင်ငံနှင့်အဝှမ်းကျယ်ကျယ်ပြန့်ပြန့်ပါဝင်ဆွေးနွေး အကြံပြုနိုင်ရန်ရည်ရွယ်ပြီး ပြည်သူ့လွှတ်တော်

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီသည် ၁၂-၇-၂၀၁၃ ရက်နေ့ နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ၁၂-၇-၂၀၁၃ ရက်နေ့မှ ၁၅-၇-၂၀၁၃ ရက်နေ့အထိ နေ့စဉ် ၁၃း၀၀ နာရီမှ ၁၈း၀၀ နာရီအတွင်း နေပြည်တော်လွှတ်တော်ဝင်းအတွင်းရှိ ဥပဒေကြမ်းကော်မတီ ရေးရာဆောင်အမှတ် (I-2)သို့ လူကိုယ်တိုင်လာရောက် အကြံပြုဆွေးနွေးနိုင်ပါကြောင်း အသိပေး ကြေညာခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဆက်သွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ၁၀-၇-၂၀၁၃ ရက်နေ့မှ ၃၀-၇-၂၀၁၃ ရက်နေ့အတွင်း ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ အကြံပြုရန် ရောက်ရှိလာကြသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများမှ လုပ်ငန်းရှင်များ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေး ၈ ကြိမ်တိတိကျင်းပပြုလုပ် ခဲ့ပါသည်။

၅။ ဤဥပဒေကြမ်းတွင် မူလက အခန်း ၂၀ ခန်း နှင့် ပုဒ်မပေါင်း ၈၆ ခု ပါရှိပြီး၊ အမျိုးသား လွှတ်တော်က ပြင်ဆင်ချက် ၇၇ ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းဖြစ်ပါသည်။

၆။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အောက်ဖော်ပြပါ ပုဒ်မ၊ ပုဒ်မခွဲ ၃၄ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များ အတိုင်း လက်ခံရန် သဘောတူခဲ့ပါသည်။ စီစဉ်တင်ပြတဲ့အခန်း၊ ပုဒ်မ၊ ပုဒ်မခွဲကတော့- ဥပဒေခေါင်းစီး၊ အခန်း (၁) ပုဒ်မ ၃ ပုဒ်မခွဲ (ထ)၊(ပ)၊ (ဖ)၊ အခန်း (၄) အသစ်ဖြည့်စွက်ချက် ပုဒ်မ၈၊ ပုဒ်မ၉၊ ပုဒ်မ၁၁(ဂ)၊ အခန်း (၅) ပုဒ်မ ၁၅၊ ပုဒ်မ ၁၅ပုဒ်မခွဲ(က) ၊ ပုဒ်မ ၁၆၊ အခန်း (၆) ပုဒ်မ ၁၈ ပုဒ်မခွဲ (ခ)၊ အခန်း (၈) ပုဒ်မ ၂၃ ပုဒ်မခွဲ (က)(ခ)(ဂ)၊ အခန်း (၉) မူလပုဒ်မ ၂၅ ပုဒ်မခွဲ (က)ပယ်ဖျက်ခြင်း၊ ပုဒ်မ ၂၇၊ အခန်း (၁၀) မူလပုဒ်မ ၂၇ ပယ်ဖျက်ခြင်း၊ပုဒ်မ ၂၉၊ပုဒ်မ ၃၀၊ပုဒ်မ ၃၁၊ အခန်း (၁၁) ပုဒ်မ ၃၂

ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၄ ပုဒ်မခွဲ (က)နှင့် (ခ)၊ အခန်း (၁၄) ပုဒ်မ ၄၃၊ အခန်း (၁၅) ပုဒ်မ ၅၂ ပုဒ်မခွဲ (က)၊ ပုဒ်မ ၄၆ ၊ အခန်း (၁၆) ပုဒ်မ ၅၆၊ ပုဒ်မ ၅၇၊ အခန်း (၁၉) မူလပုဒ်မ ၆၆ ပုဒ်မခွဲ (ခ) ပယ်ဖျက်ခြင်း နှင့် (ဂ)၊ အခန်း (၂၀) ပုဒ်မ ၇၅၊ ပုဒ်မ ၇၈၊ ပုဒ်မ ၈၀ ပုဒ်မခွဲ (က)၊ ပုဒ်မ ၈၁၊ ပုဒ်မ ၈၃၊ ပုဒ်မ ၈၅၊ ပုဒ်မ ၈၈ ပုဒ်မခွဲ (က)၊(ခ)နှင့်(ဂ)။

(ခ) အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် အောက်ဖော်ပြပါ ပုဒ်မ၊ ပုဒ်မခွဲ ၇ချက်အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း သဘောမတူဘဲ မူလပြဋ္ဌာန်းချက်များအတိုင်းသာ လက်ခံရန် သဘောတူခဲ့ကြပါတယ်။ အခန်း (၁) ပုဒ်မ ၃ ပုဒ်မခွဲ (ပ)၊ (ဏ)၊ (န)၊ အခန်း (၂) ပုဒ်မ ၄ ပုဒ်မခွဲ (ဂ)၊ အခန်း (၄) ပုဒ်မ ၁၁ ပုဒ်မခွဲ (က)၊ ပုဒ်မ ၁၂၊ အခန်း (၈) ပုဒ်မ ၂၄။

(ဂ) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ရန် တင်ပြချက်များ မှာ အောက်ပါအတိုင်းဖြစ်ပါတယ် -

(၁) မူလအခန်း (၁) ပုဒ်မ ၂ ပါစာသားအား ဤဥပဒေပါပြဋ္ဌာန်းချက်များသည်ဟု ပြင်ဆင်ပါသည်။

(၂) မူလပုဒ်မ ၂ ပုဒ်မခွဲ (ခ)ရှိ မည်သည့်အရပ်ဆိုသည့် စကားရပ်အား မည်သည့် အရပ်ဒေသဟု ပြင်ဆင်ပါသည်။

(၃) မူလပုဒ်မ ၃ ပုဒ်မခွဲ (ခ) ရှိ ကွန်ပျူတာပရိုဂရမ်၊ ဆော့ဖ်ဝဲနှင့်စကားရပ်အား မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၄) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၃ ပုဒ်မခွဲ (င)ရှိ ပုဂ္ဂလိက နေအိမ်တစ်ခုအတွင်းတွင် စကားရပ်မှာ မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၅) မူလပုဒ်မ ၃ ပုဒ်မခွဲ (င)ရှိ အချက်အလက်အကြောင်းအရာ အသုံးချဝန်ဆောင်မှု လုပ်ငန်းဆိုသည့် စကားရပ်တွင် အချက်အလက်အကြောင်းအရာ အသုံးချဝန်ဆောင်မှုလုပ်ငန်း (Content) သည် Broadcasting နှင့် ပုံနှိပ် Media များ တွင်ပါဝင်သည့် Content နှင့် တူညီနေသည့်အတွက် Media Authority ဖြစ်သော ပြန်ကြားရေးဝန်ကြီးဌာနမှ ကြီးကြပ်ခြင်းကပိုမို၍ သင့်လျော်ပြီး

ဆက်သွယ်ရေး Regulaty မှ Content အား ကြီးကြပ်ကွပ်ကဲမှု ပြုလုပ်ရန် မသင့်လျော် သည့်အတွက် ပယ်ဖျက်ပါသည်။

(၆) မူလပုဒ်မ ၃ ပုဒ်မခွဲ (င) ရှိ အချက်အလက်အကြောင်းအရာ အသုံးချ ဝန်ဆောင်မှုလုပ်ငန်းဆိုသည့် စကားရပ်အား ပယ်ဖျက်ပြီးဖြစ်သဖြင့် ရှေ့နောက် ညီညွတ်မှုရှိစေရန် အခန်း(၁)၊ပုဒ်မ ၃ ပုဒ်မခွဲ(ဇ)နှင့် အခန်း(၄)၊ ပုဒ်မ ၇ ပုဒ်မခွဲ (ဂ)တို့အား ပယ်ဖျက်ပါသည်။

(၇) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၃ ပုဒ်မခွဲ (ဋ) ရှိ စာဖြင့်ဟူသော စကားရပ်အား မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၈) ပုဒ်မ ၃ ပုဒ်မခွဲ (ဖ) အသစ်ဖြည့်စွက်ချက်အဖြစ် အယူခံခုံရုံးဆိုသည်မှာ ဝန်ကြီး ဌာနကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အယူခံ ဝင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းထားသော ဆက်သွယ်ရေး ဆိုင်ရာ အယူခံခုံရုံးကို ဆိုသည်ဟုအသစ်ဖြည့်စွက်ပါသည်။

(၉) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အခန်း (၂) ပုဒ်မ ၄ ပုဒ်မခွဲ (ခ) အား နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍအားဈေးကွက်ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက် များတွင် နိုင်ငံသားများအတွက်အလုပ်အကိုင်ဖန်တီးပေးနိုင်ရေးနှင့် စီးပွားရေး အခွင့်အလမ်းများ ဖန်တီးပေးရန်ရည်ရွယ်ချက်များ အဓိကပါဝင်နေသည့် အတွက် ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍများတွင် ပြည်တွင်း ပြည်ပမှအခွင့်အလမ်းတူမျှသော ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများ ဆောင်ရွက်စေခြင်းဖြင့် အရည်အသွေးမြင့်မားပြီး သုံးစွဲသူတို့အား ထိုက်တန်စွာ ဝန်ဆောင်မှုပေးနိုင်မည့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွက်လာ စေရန်ဟု ပြင်ဆင်ပါသည်။

(၁၀) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အခန်း (၂) ပုဒ်မ ၄ ပုဒ်မခွဲ (င)ရှိ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအလို့ငှာ စကားရပ်အား နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူလုံခြုံရေးအတွက်ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၁၁) အခန်း (၃) အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေး ပင်မဝင်ပေါက်ထွက်ပေါက် သတ်မှတ်ခြင်း ခေါင်းစဉ်နှင့် ယင်းအခန်းပါ ပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့အား ပယ်ဖျက်ရခြင်းမှာ လိုင်စင်ရရှိသူများ၏ ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံတကာသို့ ချိတ်ဆက်မှုများအားလုံးအတွက် အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေး ပင်မဝင်ပေါက်ထွက်ပေါက် (International Gateway) မှတစ်ဆင့် ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် ဆက်သွယ်ရေးကဏ္ဍ Operator များ အပြိုင်အဆိုင်ဆောင်ရွက်လာပြီး Communication Traffic တိုးတက်များပြားလာသည်နှင့်အမျှ နည်းပညာပိုင်းအရ bottle-neck facility ဖြစ်လာမည့် အခြေအနေဖြစ်ပါသည်။ သို့ပါ၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအား အစိုးရကသာ ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်မှချမှတ်ထားသည့် ဆက်သွယ်ရေးနှင့် အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲမရှိစေရန်အတွက် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မူလအခန်း (၄) မှ အခန်း (၆) သည် အခန်း(၃)မှ အခန်း (၅) အဖြစ် ပြောင်းလဲသွားပါမည် ဖြစ်ပါတယ်။

(၁၂) အမျိုးသားလွှတ်တော်ရဲ့ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၀ သည် အခန်း (၂) ရည်ရွယ်ချက် ပုဒ်မ ၄ ပုဒ်မခွဲ(ခ)တွင် ပါရှိပြီးဖြစ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၁၃) မူလအခန်း(၃)အား ပယ်ဖျက်ထားပါသဖြင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး ပင်မဝင်ပေါက်ထွက်ပေါက် (International Gateway) လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိနိုင်ရေးအတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၁၁ ပုဒ်မခွဲ (က)အောက်တွင် ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ရရှိသူက အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ခေါ်ဆိုမှု၊ ချိတ်ဆက်မှုတို့အတွက် အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်ထွက်ပေါက် လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားလာလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူပြီး ယင်းလုပ်ငန်းအတွက် သီးခြားသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ခွင့်ပြုနိုင်သည်ဟု အသစ် ဖြည့်စွက်ပါ သည်။

(၁၄) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၁၁ ပုဒ်မခွဲ (ဂ) ၌ လုပ်ငန်းလိုင်စင်၏ သက်တမ်းကို တစ်ကြိမ်လျှင် အနည်းဆုံး ငါးနှစ်မှ အများဆုံး နှစ် ၂၀ အထိ လုပ်ကိုင်ခွင့်ပြုထားသော်လည်း ဆက်လက်လုပ်ကိုင်ရန် လုပ်ငန်းလိုင်စင်သက်တမ်းတိုးခွင့် လျှောက်ထားလာပါက လိုင်စင်သက်တမ်း တိုးမြှင့်ပေးနိုင်ရေးအတွက် ပုဒ်မခွဲ(ဃ)အဖြစ် လုပ်ငန်းလိုင်စင်သက်တမ်းတိုးပေးရန် လျှောက်ထားချက်ကို ဦးစီးဌာနက စိစစ်တင်ပြလာလျှင် သက်တမ်းတိုးရန် ခွင့်ပြုပေးနိုင်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၁၅) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၁၂ ၏အောက်တွင် လုပ်ငန်းလိုင်စင်ရရှိသူသည် ဥပဒေနှင့်အညီ ပြည်တွင်း၊ ပြည်ပ၊ ပုဂ္ဂိုလ်၊ ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၁၆) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၁၄ ပုဒ်မခွဲ (က)ရှိ သက်တမ်းတိုးမြှင့်ပေးရန် စကားရပ်နောက်တွင် လိုင်စင်သက်တမ်း မကုန်ဆုံးမီ စကားရပ်ဖြည့်စွက်၍ ပြင်ဆင်ပါသည်။

(၁၇) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ)ရှိ သဘောတူညီချက်ဟူသော စကားရပ်အား ခွင့်ပြုချက်ဟု ပြင်ဆင်ပါသည်။

(၁၈) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အခန်း (၅) အား ပုဒ်မ ၁၅ ပုဒ်မခွဲ (ခ) ရှိ ငှားယူဟူသော စကားရပ်အား ရယူဟု ပြင်ဆင်ပါသည်။

(၁၉) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၅ ပုဒ်မခွဲ (ဂ) အား ပုဒ်မ ၃ ပုဒ်မခွဲ (ဋ) တွင် ဆက်သွယ်ရေးပစ္စည်းများအား ဝန်ကြီးဌာနက သတ်မှတ်ပေးမည်ဖြစ်၍ တစ်ကိုယ်ရေသုံးပစ္စည်းများပါဝင်မည် မဟုတ်သဖြင့် ပယ်ဖျက်ပါသည်။

(၂၀) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ) အား လိုင်စင်ရရှိသူများကို ထည့်သွင်းကောက်ခံရမည့်အခများတွင် နည်းပညာတိုးတက်ပြောင်းလဲမှုကြောင့် ကောက်ခံမှုအပါအဝင် အချိန်အခါအရ ကောက်ခံမည့်

အခကြေးငွေ( from time to time) တို့လည်း ပါဝင်သည့်အတွက် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ အသုံးပြုခ၊ ဝန်ဆောင်ခတို့အပြင် နည်းပညာအရ သော်လည်းကောင်း၊ အချိန်အခါအရသော်လည်းကောင်း ကောက်ခံမည့် အခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်ရမည်ဟု ပြင်ဆင်ပါသည်။

(၂၁) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၁၉ ရှိ သုံးစွဲသူပြည်သူ တစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များကိုဆိုသည့် စကားရပ်အား သုံးစွဲသူ ပြည်သူတစ်ဦးချင်းစီ၏ လျှို့ဝှက်ထားရှိရမည့် သတင်းအချက်အလက်များကိုဟု ပြင်ဆင်ပါသည်။

(၂၂) မူလ ပုဒ်မ ၁၈ ပုဒ်မခွဲ (ခ) ရှိ ပုဒ်မ ၆၀ပါ စကားရပ်အား မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၂၃) မူလအခန်း(၇)၊ ကွန်ရက်အထောက်အကူပြုပစ္စည်းနှင့် ဆက်သွယ်ရေးပစ္စည်းများကို ထောက်ခံချက်ဖြင့် ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်း ခေါင်းစဉ်နှင့် ယင်းအခန်းပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၂၀၊ ပုဒ်မ ၂၂ ပုဒ်မခွဲ (က)၊ (ခ) နှင့် ခြွင်းချက်တို့အား ဆက်သွယ်ရေးပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများအတွက် ဤဥပဒေပါ အခန်း(၁၀) တွင် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းအဖြစ် ပါဝင်ပြီး ဖြစ်သဖြင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများအတိုင်း Type Approval ဖြင့် လက်ခံဆောင်ရွက်ပေးနိုင်ခြင်း၊ ပြည်သူလူထုမှ ဆက်သွယ်ရေးပစ္စည်းအတွက် ဦးစီးဌာနတွင်လိုင်စင်၊ ထောက်ခံချက်၊ စံချိန်စံညွှန်းစသည်တို့အတွက် ထောက်ခံချက်ထပ်မံပြုလုပ်ရမည့် လုပ်ငန်းစဉ်များ လျှော့နည်းစေရန်အတွက် ပယ်ဖျက်ပါသည်။ သို့ဖြစ်ပါ၍ မူလအခန်း (၈) မှ အခန်း (၁၂) အထိသည် အခန်း (၆)မှ အခန်း(၁၀) အဖြစ် ပြောင်းလဲသွားပါသည်။

(၂၄) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၂၉ ၏ အောက်တွင် ဦးစီးဌာနသည် ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းပြုနိုင်ရန်အတွက်

ကွန်ရက်အထောက်အကူပြုပစ္စည်းနှင့် ဆက်သွယ်ရေးပစ္စည်း အမျိုးအစားများ၏ စံချိန်စံညွှန်းကိုသတ်မှတ်ရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၂၅) မူလပုဒ်မ ၃၂ ပုဒ်မခွဲ (က)တွင် ပုဒ်မ ၃၁ ပုဒ်မခွဲ (ခ)အရဆိုသည့် စကားရပ်အား ဖြည့်စွက်ပါသည်။

(၂၆) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၃၈ ရှိ ကွန်ရက်အတွင်း မလျော်ကန်သော နည်းလမ်းများဖြင့်ဆိုသည့်စကားရပ်များအား ပယ်ဖျက်၍ ဈေးကွက်အတွင်း စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်ပါသည်။

(၂၇) မူလပုဒ်မ ၃၈ ပုဒ်မခွဲ (ခ) အား ပြိုင်ဆိုင်မှုကို လျော့နည်းစေရန် ရည်ရွယ်ချက်ဖြင့် ဈေးကွက်အားခွဲဝေရယူရန် ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၈) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ပုဒ်မ ၄၁ အား ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်အတွက် ပုဒ်မဟူသော စကားရပ်များကို ဖြည့်စွက်ပါသည်။

(၂၉) မူလအခန်း (၁၄)အား အခန်း (၁၅) အဖြစ် ပြန်လည်ပြင်ဆင်ထားပါသဖြင့် အခန်းနှင့် ပုဒ်မစဉ်များ ပြောင်းလဲသွားပါမည်။

(၃၀) မူလပုဒ်မ ၄၃ ပုဒ်မခွဲ (က) ရှိ ဖြေရှင်းပေးချက် စကားရပ်အား ဆုံးဖြတ်ပေးချက်ဟု ပြင်ဆင်ပါသည်။

(၃၁) မူလပုဒ်မ ၄၃ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) ရှိ လိုအပ်ပါက ဟူသော စကားရပ်အား လိုအပ်သောဟု ပြင်ဆင်ပါသည်။

(၃၂) မူလပုဒ်မ ၄၃ ပုဒ်မခွဲ (ဂ)အား ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မကျေနပ်သူသည် လုပ်ထုံးလုပ်နည်းနှင့်အညီ အယူခံခုံရုံးသို့ ရက်ပေါင်း ၄၅ ရက် အတွင်း အယူခံနိုင်သည်ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၃၃) အခန်း (၁၇) အယူခံခုံရုံးဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်းဟူသော အခန်းအသစ်အဖြစ် ထပ်မံဖြည့်စွက်ထားပါသဖြင့် အခန်းနှင့် ပုဒ်မအစဉ်များ ပြောင်းလဲသွားပါမည်။

(၃၄) မူလအခန်း (၁၅) အား အခန်း (၁၁) အဖြစ် ပြန်လည်ပြင်ဆင်ထားပါသဖြင့် အခန်းနှင့် ပုဒ်မစဉ်များ ပြောင်းလဲသွားပါမည်။

(၃၅) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၄၇ အား အရေးအသား ပြေပြစ်စေရန် ရှေ့နောက် ပြောင်းလဲပြင်ဆင်ထားပါသည်။

(၃၆) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၅၁ အား လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိ၏ကွန်ရက်အထောက်အကူပြုပစ္စည်းတပ်ဆင်ခြင်း သို့မဟုတ် ထိန်းသိမ်းမွမ်းမံခြင်းပြုရာတွင်ပေါ့လျော့ခြင်း သို့မဟုတ် တမင်ပျက်ကွက် ခြင်းကြောင့် တစ်ဦးတစ်ယောက်သော သူအားထိခိုက် ဒဏ်ရာရရှိစေခြင်း သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးစေခြင်းဖြစ်လျှင် ထိခိုက်ဒဏ်ရာရသူ သို့မဟုတ် နစ်နာသူသည်လုပ်ငန်းလိုင်စင်ရရှိသူထံမှ သတ်မှတ်ချက်နှင့်အညီ လျော်ကြေးရထိုက်ခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(၃၇) မူလအခန်း (၁၆) အား အခန်း (၁၂) အဖြစ် ပြန်လည်ပြင်ဆင်ထားပါသဖြင့် အခန်းနှင့် ပုဒ်မစဉ်များ ပြောင်းလဲသွားပါမည်။

(၃၈) မူလပုဒ်မ ၅၃ အား သဒ္ဒါအထားအသိုမှန်ကန်စေရန် အစီအစဉ်များကို ဆိုသည့် စကားရပ်အစား အစီအစဉ်များအားဟု ပြင်ဆင်ပါသည်။

(၃၉) မူလအခန်း (၁၈)အား အခန်း (၁၆) အဖြစ် ပြန်လည်ပြင်ဆင်ထားပါသဖြင့် အခန်းနှင့် ပုဒ်မစဉ်များ ပြောင်းလဲသွားပါမည်။

(၄၀) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၆၀ အား ဦးစီးဌာနသည် လိုင်စင်ရရှိသူက လိုင်စင်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ဖြစ်စေ၊ အခန်း (၆)ပါ တာဝန်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ပုဒ်မ ၃၈ အရ ညွှန်ကြားချက်ကို ဖြစ်စေ၊ပုဒ်မ ၄၀ အရ ဦးစီးဌာန၏ စေ့စပ်ညှိနှိုင်းဆုံးဖြတ်ချက် ကိုဖြစ်စေ၊ ပုဒ်မ ၄၁ ပုဒ်မခွဲ(ခ) အရ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၄၁) မူလပုဒ်မ ၆၀ ပုဒ်မခွဲ (က)နှင့် (ခ)တို့အား နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသား ယဉ်ကျေးမှုကို ထိခိုက်စေမည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ လက်ရှိတည်ဆဲဥပဒေများအရ တည်ငြိမ်မှု၊ အေးချမ်းမှုပျက်ပြားစေခြင်း၊ ယဉ်ကျေးမှုထိခိုက်စေခြင်းတို့အတွက် သီးခြားသက်ဆိုင်ရာ ဥပဒေအသီးသီးဖြင့် ပြဋ္ဌာန်းဆောင်ရွက်ထားပြီး ဖြစ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၄၂) မူလအခန်း (၁၉) အား အခန်း(၁၈) အဖြစ် ပြန်လည်ပြင်ဆင်ထားပါသဖြင့် အခန်းနှင့် ပုဒ်မစဉ်များ ပြောင်းလဲသွားပါမည်။

(၄၃) မူလပုဒ်မ ၆၁ တွင် ပါရှိသော ထောင်ဒဏ်အနည်းဆုံး ငါးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ဆိုသည့် စကားရပ်အစား ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဟု ပြင်ဆင်ပါသည်။

(၄၄) မူလပုဒ်မ ၆၂ ရှိ ပြစ်ဒဏ်ကို ငါးနှစ် အစား သုံးနှစ် ဟု ပြင်ဆင်ပါသည်။

(၄၅) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ပုဒ်မ ၆၄ ပုဒ်မခွဲ (က)ရှိ ခွင့်ပြုချက် သို့မဟုတ် သဘောတူညီချက်မရှိဘဲ မရိုးမဖြောင့်သောသဘောဖြင့် ဝင်ရောက်ခြင်း၊ ကြည့်ရှုခြင်း၊ ဝင်ရောက်အသုံးပြုခြင်းဆိုသည့် စကားရပ်အား ပယ်ဖျက်၍ ခွင့်ပြုချက် မရှိဘဲဟု ပြင်ဆင်ပါသည်။

(၄၆) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၆၄ ပုဒ်မခွဲ (ခ)ရှိ မရိုးမဖြောင့်သောသဘောဖြင့် စကားရပ်အား မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၄၇) မူလပုဒ်မ ၆၃အား အခန်း(၃)ဖြစ်သော အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေး ပင်မဝင်ပေါက်ထွက်ပေါက်ဖြင့် ဆက်သွယ် အသုံးပြုခြင်းဆိုသည့် အခန်းအား ပယ်ဖျက်ပြီးဖြစ်သဖြင့် လိုအပ်မှုမရှိပါသောကြောင့် ပယ်ဖျက်ပါသည်။

(၄၈) မူလပုဒ်မ ၆၅ ပုဒ်မခွဲ(က)၊(ခ)နှင့်(ဂ)တို့သည် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ ဆက်သွယ်ရေးပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ ဖြစ်စေကျူးလွန်မည့် (က)၊ (ခ) နှင့်(ဂ)ပါအကြောင်း

အချက်အလက်များသည် ဤဥပဒေပါဆက်သွယ်ရေး လုပ်ငန်းလုပ်ကိုင်သူများ အတွက် မသက်ဆိုင်ဘဲ အသုံးပြုသူက ကျူးလွန်နိုင်သည့် ပြစ်မှုများ ဖြစ်သဖြင့် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊မူပိုင်ခွင့်ဥပဒေ၊ မြန်မာနိုင်ငံ လျှို့ဝှက်ချက်အက်ဥပဒေစသည်တို့ဖြင့် အရေးယူနိုင်သဖြင့် ယခုဆက်သွယ်ရေး ဥပဒေတွင် ထည့်သွင်းရန် မလိုအပ်ပါသဖြင့် ပယ်ဖျက်ခြင်း ဖြစ်ပါသည်။

(၄၉) မူလပုဒ်မ ၆၆ နှင့် ပုဒ်မ ၆၇ ရှိ ပြစ်ဒဏ်များကို သုံးနှစ် အစား တစ်နှစ်ဟု ပြင်ဆင်ပါသည်။

(၅၀) မူလပုဒ်မ ၆၆ ပုဒ်မခွဲ (က)ရှိ လက်ခံခြင်းဟူသော စကားရပ်အား ပယ်ဖျက်ပြီး စကားရပ်များအား ရှေ့နောက်ပြောင်းလဲ၍ ပြင်ဆင်ထားပါသည်။

(၅၁) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၇၀ ရှိ ပြစ်ဒဏ်အား သုံးနှစ် အစား တစ်နှစ်၊ မူလပုဒ်မ ၆၉ ရှိ ပြစ်ဒဏ်အား တစ်နှစ် အစား ခြောက်လဟု ပြင်ဆင် ထားပါသည်။

(၅၂) မူလပုဒ်မ ၇၀ တွင် ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့် နှင့် ညွှန်ကြားချက်များပါ ဆိုသည့် စကားရပ်အား ထပ်မံဖြည့်စွက်၍ ပြစ်ဒဏ် တစ်နှစ် အား ခြောက်လဟု ပြင်ဆင်ထားပါသည်။

(၅၃) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၇၃ တွင် အားပေးကူညီလျှင် ဖြစ်စေ စကားရပ်အား ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ ဆိုသည့် စကားရပ်အား ထပ်မံဖြည့်စွက်ပါသည်။

(၅၄) မူလအခန်း (၂၀)အား အခန်း (၁၉) အဖြစ် ပြန်လည်ပြင်ဆင် ထားပါသည်။

(၅၅) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၇၄ တွင် အကာအကွယ်ပေးခြင်း ကိစ္စများဆိုသည့် စကားရပ်အား အကာအကွယ်ပေးခြင်းဆိုင်ရာကိစ္စများဟု ပြင်ဆင်ပါသည်။

(၅၆) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၇၇ တွင် လိုအပ်သည့်သတင်းအချက်အလက်နှင့် ဆက်သွယ်မှုများကို ရရှိနိုင်ရေးဆိုသည့် စကားရပ်အား ဖြည့်စွက်ပါသည်။

(၅၇) မူလပုဒ်မ ၇၆ ရှိ ဆောင်ရွက်သည့် ဖမ်းယူမှုများဆိုသည့် စကားရပ်အား ဆောင်ရွက်သည့် လုပ်ငန်းများဟု ပြင်ဆင်ပါသည်။

(၅၈) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၈၂ ရှိ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး ပင်မဝင်ပေါက်ထွက်ပေါက် သတ်မှတ်ချက်ကိုလည်းကောင်း ဆိုသည့် စကားရပ်မှာ အခန်း(၃)အား ပယ်ဖျက်ပြီးဖြစ်၍ မလိုအပ်သောကြောင့် ပယ်ဖျက်ပါသည်။

(၅၉) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၈၇ ရှိ ၂ နှစ်ဆိုသည့် စကားရပ်အား နှစ် နှစ် ဟု စာအရေးအသားပြင်ဆင်၍ ထိုသို့ ဖွဲ့စည်းပြီးပါက ဦးစီးဌာန လုပ်ငန်းများအား ကော်မရှင်သို့ လွှဲပြောင်းပေးအပ်ရမည်ဆိုသည့် စကားရပ်အား ပယ်ဖျက်ပါသည်။

၇။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆက်သွယ်ရေးဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ သီးခြားဘာများ ပြောစရာရှိပါသလဲ။ ကျွန်တော်တို့ ဒါနှင့်ပတ်သက်လို့ ဆက်သွယ်ရေးဥပဒေနှင့်ပတ်သက်လို့ အလေးထားပြီး ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးတဲ့နေရာမှာလည်း ဆက်သွယ်ရေးဝန်ကြီးဌာနဘက်ကလည်း ပါမယ်ထင်ပါတယ်။ ကျွန်တဲ့ပညာရှင်တွေရော အတော်အတန်တော့ ပြည့်စုံသွားပြီလို့ ယူဆရပါတယ်။ သို့ရာတွင်လွှတ်တော်ထဲမှာလည်း လွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေးရမှာဖြစ်တဲ့အတွက် လွှတ်တော်ကို တင်ပြပြီးဖြစ်တဲ့အတွက် သတ်မှတ်ထားတဲ့ရက်မှာဆွေးနွေးပါမယ်။ ဆွေးနွေးတဲ့ ရက်မှာ ဒီနေ့ ဖတ်ကြား တင်ပြသွားတဲ့နေရာမှာ ဆက်သွယ်ရေးဝန်ကြီးဌာနအပြင် ပြန်ကြားရေးဝန်ကြီးဌာနကပါ တချို့ကိစ္စတွေကို ပါဝင်ရမယ့်ဆိုတဲ့ သဘောပါတဲ့အတွက် မိမိတို့ဖိတ်ကြားတဲ့အခါမှာ ပြန်ကြားရေးဝန်ကြီးဌာနပါ ဖိတ်ကြားဆွေးနွေးဖို့လိုပါတယ်။ သက်ဆိုင်ရာကော်မတီများမှ ဖိတ်ကြားတဲ့အခါမှာ

ပြန်ကြားရေး ဝန်ကြီးဌာနပါ ဖိတ်ကြားပေးပါ။ နောက်တစ်ခုကတော့ အကူအညီတောင်းခြင်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက ရန်ကုန်ဆရာဝန်များအသင်းမှာ ဆရာဝန်များနှင့်တွေ့ဆုံပါတယ်။ တွေ့ဆုံအပြီးမှာ အပြင်မှာ သူနာပြုယာဉ်များရပ်ထားပါတယ်။ အဲ့ဒီမှာရှိကြတဲ့ပုဂ္ဂိုလ်များနှင့်တွေ့တဲ့အခါမှာ သူတို့ဘက်ကအခက်အခဲလေးတစ်ခုတင်ပြပါတယ်။ သူနာပြုယာဉ်များကို ပေးထားတဲ့ တယ်လီဖုန်းနံပါတ်တွေက အင်မတန်ရှည်တယ်။ ရှည်တဲ့အတွက်တကယ်လို့ တစ်ဦးတစ်ယောက်က နေပြီးတော့ ဒီတယ်လီဖုန်းနံပါတ်ကို ဆက်မယ်ဆိုလို့ရှိရင် အခက်အခဲရှိတဲ့အတွက် တယ်လီဖုန်းနံပါတ်ကို သုံးလုံး သို့မဟုတ် ဒီထက်တိုတဲ့ နံပါတ်ပေးပါလို့ ကျွန်တော်တို့ဆီ အကူအညီတောင်းလိုက်ပါတယ်။ ကျွန်တော်တို့ဆီကလည်း သက်ဆိုင်ရာဝန်ကြီးဌာနကို ပြောပြီးပြီထင်ပါတယ်။ သို့ရာတွင် အဖြေမရသေးတဲ့အတွက် အခုကြုံတုန်းပေါ့။ ဒီဟာကိုလည်း အကူအညီပေးပါ။ ကျွန်တော်တို့အတွက် မဟုတ်ပါဘူး အများပြည်သူအတွက်ပါ။ ကောင်းပါပြီ။

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကို နည်းနည်းတင်ပြခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးလမ်းညွှန်ပေးတဲ့အတိုင်းပဲ ကျွန်တော်တို့ ဥပဒေကြမ်းတင်ပြနိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်ကနေပြီးတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးဆိုင်ရာကော်မတီနှင့် ဥပဒေကြမ်းကော်မတီများ နီးနီးကပ်ကပ်ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ အများကြီးလည်း အကူအညီပေးတဲ့အတွက်ကြောင့် အချိန်တိုတိုအတွင်းမှာ ဆက်သွယ်ရေးဥပဒေကြမ်းကို ပြည့်ပြည့်စုံစုံလေးပါခင်ဗျား။ အခုဆိုရင်တော့ နိုင်ငံတကာအနေနဲ့ ပြည်တွင်းလုပ်ငန်းရှင်များအတွက် လုပ်ငန်းကိုင်ခန်း အခွင့်အလမ်းရနိုင်တယ်။ တိုင်းသူပြည်သားများအတွက်လည်း အချိန်တိုအတွင်းမှာ ဆက်သွယ်ရေးဝန်ဆောင်မှုများ မြန်မြန်ဆန်ဆန် ရနိုင်တဲ့ဥပဒေကြမ်းတစ်ခုဖြစ်ပေါ်လာပြီဖြစ်ပါတယ်ခင်ဗျား။ အဲ့ဒီအတွက် ကျေးဇူးအများကြီးတင်ရှိတဲ့အကြောင်းပြောကြားပါရစေခင်ဗျား။ ဒုတိယတစ်ခုက ဥက္ကဋ္ဌကြီးလမ်းညွှန်မှုပေးတဲ့ ဆရာဝန်များအသင်းတိုက် သူနာပြုယာဉ်များအရေးပေါ်ကိစ္စအတွက် နံပါတ် ၃ လုံး သို့မဟုတ် ၄ လုံး ၊ ၃ လုံးပါခင်ဗျား။ အဲ့ဒီအတွက် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအနေနဲ့လည်း နီးကပ်စွာပူးပေါင်းဆောင်ရွက်နေပါတယ်ခင်ဗျား။ ခုနကပဲ ရန်ကုန်ကနေ အင်ဂျင်နီယာချုပ်ကို ဆရာဝန်များအသင်းတိုက်ကို စေလွှတ်လိုက်ပြီဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့အနေနဲ့လည်း နည်းပညာပိုင်းဆိုင်ရာအရ ဂဏန်း ၃ လုံးဆိုလို့ရှိရင် တယ်လီဖုန်းအရေးအတွက် နည်းပါမယ်ခင်ဗျား။ အဲ့ဒီတော့ တယ်လီဖုန်းအရေးအတွက် များများစားစား ရန်ကုန်တင်မကပဲနှင့် တစ်ပြည်လုံး

မှာပါဆောင်ရွက်နိုင်ဖို့ဆိုရင်တော့ ၄ လုံးဖြစ်ပါမယ်ခင်ဗျား။ အဲ့ဒါကတော့ ဆရာဝန်အသင်းတိုက်နှင့် အသေးစိတ်ညှိနှိုင်းနေပါတယ်ခင်ဗျား။ မကြာခင်အတွင်းပြီးမြောက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကဲကျေးဇူးတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာဖော်ပြ၍ ၅-၈-၂၀၁၃ ရက် (တနင်္လာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ ဒီရက်ကိုတောင်းရတဲ့ အကြောင်းကတော့ ဒီရက်မှာ ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များတင်ပြလာတဲ့အခါမှာ တနင်္လာနေ့ ရောက်ရှိပါမယ်။ တနင်္လာနေ့ရောက်ရှိပြီးနောက်ပိုင်း အင်္ဂါ၊ ဗုဒ္ဓဟူးကို သက်ဆိုင်ရာတာဝန်ရှိတဲ့ ပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများက ဒါကို စိစစ်ပြီးတော့ နောက်တစ်ပတ်လွှတ်တော်မှာ တင်ပြဖို့ ပြုစုရမှာဖြစ်ပါတယ်။ နောက်တစ်ပတ်လွှတ်တော်မှာ တင်ပြတဲ့အခါမှသာလျှင် ဒီဥပဒေဟာ ဒီတစ်ပတ်သတ္တမအကြိမ်ပုံမှန်အစည်းအဝေးမှာ ပြီးသွားမယ်ဖြစ်ပါတယ်။ အဲ့လိုမှမဟုတ်ဘူးဆိုရင် ဒီဥပဒေဟာ ဒီတစ်ပတ်မှာ မပြီးဘူးဆိုလို့ရှိရင် ဆက်ပြီးတော့ ကြာသွားလို့ရှိရင် လုပ်ငန်းကိုင်ခန်းတွေ အခက်အခဲဖြစ်မှာ ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း နားလည်ပြီး လာမည့်တနင်္လာနေ့မှာ မိမိတို့အကြံပြုတင်ပြစရာရှိတယ်ဆိုရင်တင်ပြပေးပါ။ တင်ပြပေးပြီးတော့ နှစ်ရက်အတွင်းမှာ သက်ဆိုင်ရာတာဝန်ရှိသူများစိစစ်ပြီးတဲ့အခါမှာ နောက်တစ်ပတ်လွှတ်တော်အတွင်းမှာပဲ ဆွေးနွေးဖို့ စီစဉ်ထားပါတယ်။ ဒါကြောင့်မို့ အချိန်နည်းတယ်ဆိုပြီးတော့ မကြည့်ဘဲလည်း မနေပါနှင့်။ ပြီးတဲ့အခါမှာ အချိန်လည်းထပ်ပြီးတော့ တောင်းလို့မရဘူးဆိုတာလည်း အသိပေးတင်ပြခြင်းဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် (တနင်္လာနေ့) ၁၀း၀၀ အချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်။ ၁၃း၀၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၃း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]